# စကြာဒေဝီ

သန်းခေါင်ယံ ရှူး...ညဝံ ဟူနိုး



စာမူခွင့်ပြုချက်အမှတ် ၅၀၁၉၀၃၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၂၄၃၀၂၀၉
❒
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဧပြီလ ။
အုပ်ရေ ၅၀၀
❒
**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun
❒
**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။
❒
**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။
❒
**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။
❒
**တန်ဖိုး ၁၀၀ ကျပ်**
❒
**ကွန်ပျူတာ**
**Dream City**

# သန်းခေါင်ယံဖွား...ညဝိညာဉ်

## စကြာဒေဝီ

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ
အား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ
ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံ
သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အော
တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အော
တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသ
ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ဇာတ်အဖွင့်

-လူသေအတွက် ညစာ
-နာနာဘာဝ မိတ်ဆုံစားပွဲ
-သင်္ချိုင်းမှ နှိုးထလာသူ
-သင်္ချိုင်း ရွှေခြင်း

### ဇာတ်အလယ်

-မာယာများတဲ့ လိပ်ပြာစံအိမ်
-ဝိညာဉ်ကျောကွင်း သက်ဆင်းမိသူ
-သေကံမရောက် အသက်မပျောက်
-သွေးသောက်တဲ့စိန်လက်စွပ်
-တစ်ကျော့ပြန်တွေ့ဆုံခြင်း
-အဆောင်မှာနေတဲ့ လူတစ္ဆေ

# လူသေအတွက်ညစာ

လမိုက်ရက်မို့ နေဝင်ခြင်းက အလျှင်ဝလို နိုင်လှသည်။

်းကျင်တစ်ခုလုံး မှောင်မိုက်ခြင်းဆီသို့ ရွေ့လျားနေ၏။

အချိန်ကား…။

တစ်နိုင်ငံလုံး ဗြိတိသျှ အာဏာစက်အောက်သို့ ရောက်ရှိ

နေသော အခါသမဖြစ်သည်။

မန္တလေးမြို့၏ မြို့စွန်သုသာန်ဆီသို့ မြင်းတပ်လှည်းတစ်စီး

ဆိုက်ရောက်လာ၏။

“ဖြည်းဖြည်းဆင်းဦး… ဘကြီးရဲ့ လက်ဆွဲမီးအိမ်ကို ထွန်း

တာကို စောင့်ပါဦးလား”

သုသာန် တစ်ဝပြင်မှာ တိတ်ဆိတ် မှောင်မည်းနေ၏။

လင်းတငှက်တချို့… လူစိမ်းရောက်လာ၍… တစ်ပင်မှ တစ်ပင်ဆီ ကူးကြသည်။

"ဖျတ်"

"ဖျတ်"

"ဂီ…ဂီ"

တောင်ပံခတ်သံတွေ…ဆိုးဝါးစွာ အော်မြည်သံတွေကို မိန်းမငယ်လေးက လုံးဝဂရုမစိုက်ပေ…။

သူ့သဘာန်တစ်ခုလုံးမှာ အမင်္ဂလာလုံးဝမရှိ…။

သုသာန်စောင့် ယောကျ်ားရင့်မာကြီး သုံးဦးကတော့ အရက်ဝိုင်းဖွဲ့နေကြသည်။

"ဟော့"

"ဘာလဲကွ"

"ဟိုမှာကြည့်စမ်း"

တစ်ယောက်သောသုသာန်စောင့်က လက်ဆွဲမီးအိမ်ငယ် အလင်းရောင်ကို လှမ်းမြင်၏။

"ဟာ…ဟုတ်တယ်…မိုးချုပ်ခါနီးမှ ဘယ်ကများ



အသုဘ လာချတာတုန်း"

"မဟုတ်သေးဘူးလေ…ညနေငါးနာရီ ကတည်းက သင်္ဂြိုဟ်တာတွေ မြေမြှုပ်တာတွေ…အားလုံး ပြီးဆုံးသွားတာ မဟုတ်လား"

"ကဲ…ကဲ အငြင်းပွားမနေနဲ့… ဘယ်လိုအကျိုးကြောင်း လဲဆိုတာ စုံစမ်းမေးမြန်းဖို့ ငါတို့မှာ တာဝန်ရှိတယ်"

"ဟုတ်တယ်…တော်ကြာလူသတ်ပြီး…မလိမ့်တစ်ပတ်နဲ့ လာမြှုပ်တာမျိုးဆိုရင်…ပုလိပ်စုံထောက်တွေ ငါတို့ကို အရင်ဆုံး ဖမ်းမှာကွ…"

သုသာန်စောင့်သုံးဦးစလုံး ထိုင်ရာမှ ထလိုက်ကြသည်။ မင်္ဂလာမဲ့နေသော ဒီပတ်ဝန်းကျင်ကို ထိုသုံးဦးက ကျင့်သားရနေပြီ။ တစ်ယောက်က လက်ကျန်အရက်ပုလင်းကို ခါးကြားထိုး၏။ ကျန်နှစ်ယောက်က ဓားတွေ၊ တုတ်တွေကိုင်ပြီး ထွက်လာကြသည်။ မိန်းမငယ်လေး၏ ခြေလှမ်းက သွက်နေကာလက်ဆွဲ မီးအိမ်၏အလင်းရောင်ကို ဂရုမစိုက်။ ဘကြီးမဲဆိုသူကတော့ လက်ဆွဲမီးအိမ်ကတစ်ဖက်… အစားအသောက်

ခြင်း ကတစ်ဖက်မို့ မိန်းမငယ်လေးကို မီအောင် မနည်းလိုက်နေရတာ။

"အိုး..အမေ့"

အလျင်စလို ခြေလှမ်းများကြောင့်ပင်...မိန်းမငယ်လေး ခလုတ်တိုက်မိသည်။

"ဒါကြောင့် ပြောတာပေါ့...လက်ဆွဲမီးအိမ်ရဲ့ အလင်းကို အားကိုးစမ်းပါ...အခုလိုအချိန် လမ်းဆိုတာ မနည်းသတိထားရတယ်။ လဲတာပြိုတာ မကောင်းဘူး မိန်းကလေး..."

"ဟုတ်ကဲ့ပါ...ဘကြီးမဲ"

အနည်းငယ် ထိတ်လန့်စိတ်တော့ မိန်းကလေးဖြစ်သွား၏။ အဖော် ပါလာသူ...ဘကြီးမဲ၏ စကားကို နားထောင်လိုက်၏။

"ဟော့...ဘယ်သူတွေလဲ"

"အချိန်မတော်ကြီးမှာ...ဒီသချိုင်းကို ဘာကိစ္စနဲ့ လာကြတာတုံး"

သုသာန်စောင့်လူရမ်းကားကြီး သုံးယောက်ကြောင့်ပင်... ဘကြီးမဲ နှင့် မိန်းမငယ်လေးတို့၏ ခြေလှမ်းများရပ်တန့်သွား၏။



မိန်းကလေးက သရဲ၊ တစ္ဆေကိုမကြောက်။ ထိုလူရမ်းကား သုံးယောက်ကိုတွေ့ပြီး ထိတ်ပျာသွား၏။ အဖော်ပါဘာသူ ဘကြီးမဲ၏ အင်္ကျီစကို ဆုပ်တွယ်ထားလိုက်သည်။

"လုပ်ပါဦး ဘကြီးမဲ... ဒီလူကြီးတွေက မူးမူးရူးရူးနဲ့ ရန်ရှာရင် ခက်ပြီ..."

ဘကြီးမဲ ဆိုသူကတော့ ဣန္ဒြေရနေသည်။ သုသာန်စောင့် သုံးယောက်ကို အောင်မြင်သော လေသံဖြင့် ညို့လိုက်လေ၏။

"ကျုပ်မျက်နှာကို သေချာကြည့်ကြပါဦး"

မျက်နှာကို မြင်သာအောင်...လက်ဆွဲမီးအိမ်အား မြှောက်ပြလိုက်သည်။ သုသာန်စောင့်တွေ အံ့သြသွားကြသည်။

"ခင်ဗျား"

"ဟုတ်ပါတယ်...ဟုတ်ပါတယ် ကျုပ်ငမဲပါ...

ဒေါက်တာ အုတ်လှငယ်လို့ သုသာန်စောင့်တို့ သိကြသည်။ မနေ့ကပင် ဒေါက်တာ အုတ်လှငယ်အား သူတို့ကိုယ်တိုင် ငမဲကြီးနှင့် အတူ ဝှသွင်းခဲ့ကြတာ ဖြစ်သည်။ ထို့ကြောင့် ငမဲကြီးဆိုသူကို သုသာန် စောင့်တွေ ရင်းနှီးနေကြ၏။

"ဒီအချိန်ကြီးကျမှ ဘာလို့ ဒီနေရာကိုလာရတာလဲဗျာ"

"ဟုတ်သားပဲ…ဒီမိန်းကလေးက ဘယ်သူလဲ၊ သူ့ခမျာ အရမ်းထိတ်လန့်နေပုံရတယ်…"

ဒေါက်တာအုတ်လှငယ်ကို သင်္ဂြိုဟ်ဂူသွင်းဖို့ ပြင်ဆင်ကတည်းက…သုသာန်စောင့်တွေ အတော်လေး အဆင်ပြေခဲ့၏။ အုတ်ဂူလုပ်ရမှာလည်း သုသာန်စောင့်တွေ မပင်ပန်း။ ငမဲကြီး ယူလာသော အရက်နှင့် စားကောင်းသောက်ဖွယ်များကို တဝတပြဲထိုင်စား၊ ထိုင်သောက်ရုံသာ၊ အုတ်ဂူအတွက် အရက်တွေသာ စိတ်ကြိုက် သောက်ရသည်။ ချွေးတစ်ပေါက်ပင် မကျလိုက်ရပေ။ ဒေါက်တာအုတ်လှငယ်၏ အုတ်ဂူကို ငမဲကြီး ကိုယ်တိုင် အစအဆုံးလုပ်ကိုင် သွား၏။

"ဒေါက်တာ အုတ်လှငယ်ကို ညစာလာကျွေးကြတာလေ"

"ဗျာ"

"ဟင်"

"တစ်မျိုးပါလား…ဒီလူက အသက်မှ မရှိတော့ဘဲ…"



ငမဲကြီး၏ စကားကြောင့်ပင် သုသာန်စောင့်တွေ အံ့ဩကုန်၏။ သေဆုံးပြီးသား…အုတ်ဂူထဲရောက်နေသောသူကို ညစာကျွေးဖို့ ရောက်လာသည် ဆိုပါလား…။

"ဟုတ်ပါတယ်ရှင်…ဖေဖေ ဆာနေမှာစိုးလို့ ကျွန်မတို့ လာခဲ့ကြတာပါ။ ဖေဖေ့ကို ကျွေးဖို့မွေးဖို့ရော ရှင်တို့အတွက် သောက်ဖို့၊ စားဖို့တွေပါ ပါလာပါတယ်"

မိန်းမလေးလေးကလည်း ခေသူတော့ မဟုတ်။ သုသာန်စောင့် သုံးဦးကို မက်လုံးပေးလိုက်၏။

"ဟို…"

သုသာန်စောင့်တစ်ဦးက တစ်စုံတစ်ခု ပြောဖို့ကြိုးစားလိုက်ပါသည်။ ကျန်လူနှစ်ယောက်က အတင်းတားလိုက်သည်။ ဒီဖြစ်ရပ်ကို ကြည့်ပြီး၊ အမှောင်အားကိုးဖြင့် ငမဲကြီး ပြုံးလိုက်သည်။ ပြီးမှ…။

"ကဲ…သမီးရေ…။သူတို့အတွက် ယူလာတဲ့ပစ္စည်းတွေကို ယူပေးလိုက်ပါကွယ်…"

မိန်းမငယ်လေးက လက်မနှေးပေ။ အသင့်စီစဉ်ထားပြီး

သော အရက်ပုလင်းနှင့် စားသောက်စရာများကို ပေးလိုက်သည်။

"ဂ"

"ဂ"

လူသံတွေကြောင့်ပင်...လင်းတငှက်တို့ ထအော်ကြသည်။ မိန်းမငယ်လေး နည်းနည်းလန့်သွား၏။ သုသာန်စောင့်များနှင့် ငမဲကြီးတို့ကတော့၊ ဘာမှမဖြစ်သလို... နေနေကြသည်။

"ရှင်တို့အတွက်"

"ကျေးဇူးပါပဲ...မိန်းကလေး"

အစားအသောက်တွေက မြင်ရုံဖြင့် သွားရည်ယိုချင်စရာ...

သုသာန်စောင့်တွေ နှုတ်ခမ်းသိမ်းတာကို ငမဲကြီးက မြင်ဖြစ်အောင် မြင်၏။

"ဘာလိုဦးမလဲ..."

"ရပါပြီဗျာ"...

"ဒါဆိုရင်...ကျုပ်တို့ အုတ်ဂူဆီသွားလိုက်ဦးမယ်..."

ငမဲကြီးက သေချာစိတ်ချရအောင် သွေးတိုးစမ်းလိုက်သည်။ ငမဲကြီးတို့နှစ်ယောက်အပေါ်၊ သုသာန်စောင့်တွေ သက်



မကောင်း မဖြစ်ကြပေ။

"သွားပါ...သွားပါ"

ငမဲကြီးက အုတ်ဂူဆီရှေ့မှ အလျင်လှမ်းလိုက်သည်။ မိန်းမငယ်ကလေး ခြေလှမ်းပြင်သည်။

"ဒီလမ်းက...မသွားနဲ့"

သုသာန်စောင့်တစ်ဦးက စေတနာစကားဆိုသည်။ ငမဲကြီးက သိသိနှင့်ပင် မေးခွန်းထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဒီလမ်းကမကောင်းဘူး"

"ဟုတ်တယ်...ဒီလမ်းကနေ အုတ်ဂူဆီသွားရင် ချိုင့်တွေ ခလုတ်ကန်သင်းတွေများတယ်..."

"ကျုပ်တို့နောက် လိုက်ခဲ့"

တကယ်တော့ ဒီသုသာန်တစ်ခုလုံး အပ်ကျတာကအစ... သုသာန်စောင့်တွေ သိကြ၏။ သုသာန်စောင့်တွေ ဒီမြေပေါ်မှာ အိပ်၊ ဒီမြေပေါ်မှာ အမှီပြုစားသောက်ကြသူများဖြစ်၏။

"တွေ့လား…ဒီလမ်းက ကောင်းတယ်။ ခရီးလဲ တွင်တယ်"

"ဟုတ်သားပဲ…အုတ်ဂူကိုတောင် လှမ်းတွေ့နေရပြီပဲ" သချိုင်းမြေပုံကြားမှာ လျှောက်သွားကြသည်။ တိတ်ဆိတ်လွန်းသော နေရာမှာ ပုပ်အက်အက်အနံ့က စူးရှရှ…။ မိန်းမငယ်လေးခမျာ…အော့နှလုံးနာပြီး…ဟန်ပင်မဆောင်နိုင်တော့ပေ။

"အော့"

"ဝေါ့"

လူသေကောင်ပုပ်နံ့ကြောင့်ပင် သုသာန်စောင့်တွေ အားနာသွားကြသည်ထင်၏။

"ဖျတ်"

"ဖျတ်"

လင်းတတွေ…ခွေးတွေ မီးရောင်ကြောင့် လန့်ပြေးကုန်၏။

"ခင်ဗျားတို့ မြေမြှုပ်တာ မသပ်ရပ်ဘူး။ ပြီးစလွယ်လုပ်ကြတာပဲ…ခွေးတွေငှက်တွေက ရှာဖွေစားသောက်တော့ ဒီအနံ့တွေက ပိုဆိုးတာပေါ့"



"ကျုပ်တို့လဲ သေချာအောင် မြေမြှုပ်တာပဲ…"ဒီတိရစ္ဆာန်အုတ်ဂူနားသို့ ရောက်မှန်းမသိ ရောက်လာသည်။ ဒေါက်တာအုတ်လှငယ် တစ်ယောက်လည်း အုတ်ဂူထဲမှာ ရုပ်ရည်ပျက်နေလောက်ပြီ။

"ကျုပ်တို့ အဖော်ရအောင်နေပေးရဦးမလား"

"မလိုဘူး…ခင်ဗျားတို့ဘာသာ သွားပြီးသောက်ကြစားကြ"

ငမဲကြီးစကားကြောင့်ပင် သုသာန်စောင့်တွေ ထွက်သွားကြ၏။ ခပ်ဝေးဝေးဆီ ခွေးအူသံတွေ ထွက်လာသည်။ သုသာန်စောင့်တွေ အဝေးရောက်သည်နှင့်… ငမဲကြီးနှင့် မိန်းမငယ်တို့အစားအသောက်တွေကို စနစ်တကျ ပြင်ဆင်လေ၏။

# နာနာဘာဝမိတ်ဆုံစားပွဲ

သူတို့အတွက် ပေးထားသော အရက်ကို သောက်ကြသည်။ စားကောင်းသောက်ဖွယ်ရာများဖြင့် အဆီရစ်ကြသည်။ သံချိုင်းစောင့် သုံးယောက်စလုံး တစ်ရေးနိုးသောအခါ သန်းခေါင်ကျော်နေပြီ…။

ငမဲကြီးတို့ နှစ်ယောက်ပြန်သွားတာကို သူတို့မသိလိုက်ပေ။ ဒေါက်တာအုတ်လှငယ်၏ အုတ်ဂူဆီသို့ သွားကြည့်ကြသည်။ အုတ်ဂူပေါ်မှာ စားသောက်စရာတွေ ဒီအတိုင်းခင်းကျင်းထားသည်ကိုတွေ့၏။ လက်ကျန်အရက်ဖြင့် သုသာန်စောင့်သုံးယောက်သား…အားပါးတရ သောက်စားမူးယစ်ကြပြန်သည်။

နောက်တစ်နေ့ နေဝင်ခါနီးအချိန်။ တစ်နေ့လုံးမသာ သုံးလောင်းကို မြှုပ်နှံရသည့်အတွက် သံချိုင်းစောင့်သုံးယောက်ပင်ပန်းနေ၏။

"မင်းတို့က ဘယ်လိုသဘောလဲ"

အနည်းငယ်အသက်ကြီးသူက ကျန်နှစ်ဦးကို မာန်မဲလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ညစာအတွက် ဘာမှလဲ မချက်ဘူး… ပြီးတော့ ဒီညသောက်ဖို့အရက်ရော ဘာမှ မပြင်မဆင်မဝယ်မခြမ်းဘဲ…မင်းတို့ကို ဘယ်သူက ကျွေးမှာမွေးမှာလဲ…"

အသက်ကြီးသော သူကို ကျန်နှစ်ယောက်က နားမလည်သလိုမျိုး ကြည့်နေကြသည်။

"ဒီကောင်ပြောတာကို အဟုတ်မှတ်လို့ ဒီအတိုင်းနေတာပါ"

"မင်းကဘာပြောလို့တုံး…မင်းကလည်း ဒီအရူးပြောတာကို အဟုတ်ထင်တာကိုး…။ ဒီအချိန်ကျမှတော့ ရေသောက်ဗိုက်မှောက်ပြီး နေရုံပဲရှိတယ်…ဟူ…ဒီလောက်ပင်ပန်းတဲ့ အချိန်မှကွာ…"

"ဒီအတွက် ဘာမှမစိုးရိမ်ပါနဲ့…။အချိန်ကျတဲ့အခါ



ဒေါက်တာ အုတ်လှငယ်အိမ်က လူတွေရောက်လာပါလိမ့်မယ်…"

"ဒီနေ့ရောလာမယ်လို့ မင်းကိုပြောသွားလို့လား"

"ပြောတော့မပြောဘူး။ ဒါပေမယ့် ကျုပ်မျက်စိထဲမှာ အလိုလို သိနေတယ်။ အချိန်ကျရင် ငမဲကြီးနဲ့ မိန်းကလေးတို့ ရောက်လာပါလိမ့်မယ်"

သုသာန်စောင့်ကြီးက တပည့်ဖြစ်သူ၏ စကားကြောင့် သေချာ စဉ်းစားနေ၏။ တိတိကျကျကြီး ပြောနေသောကြောင့်၊ ယုံရမလိုပင်…။

"ဒီကောင် ပါးစပ်အကြောင်းလဲကွာ , သိရက်သားရဲ့။ ဒီကောင်က ညတုန်းက သောက်ရင်းစားရင်း ဒေါက်တာအုတ်လှငယ်အပါအဝင်…သေတဲ့လူတွေကိုပါ…ခေါ်ပြီး ဝိုင်းဖွဲ့စားခဲ့တာတဲ့"

"မင်းကွာ…တော်ကြာ…အဲဒီအိမ်က ရောက်မလာရင်…

မင်းခေါ်ထားတဲ့ နာနာဘာဝတွေက ငါတို့ကိုပြဿနာရှာရင်ခက်ပြီ … တော်ကြာ…။မသောက်ရမစားရတဲ့ကြားထဲ တစ်ည

လုံး အိပ်မရအောင် နှောင့်ယှက်ရင်တော့ ခက်ပြီ...''

''ကဲပါ ဆရာကြီးရယ်...စိတ်အေးအေးထားပြီး ခဏနားပါ။ ကျွန်တော်တို့နှစ်ယောက် မဲကြီးတို့ကိုသွားပြီး ကြိုလိုက်ပါဦးးမယ်...''

အတည်ပေါက် ပြောနေတော့ မယုံလို့မရတော့ပေ။

''နေပါဦး၊ မနေ့က သူတို့လာတဲ့အချိန်ကို မင်းမှတ်ထားလို့လား''

''ခြောက်နာရီခွဲ တိတိပဲ''

သုသာန်စောင့်ကြီးက နာရီအစုတ်ကလေးကို ကြည့်လိုက်သည်။ ခြောက်နာရီခွဲပြီးနေပြီ...။

''အဲဒီလူတွေ လာတာမလာတာ ငါမသိဘူး။ မင်းတို့နှစ်ယောက်လာရင် စားဖို့သောက်ဖို့ပါလာဖို့ပဲ လိုတယ်။ ငါတော့ လက်ကျန်လေးတစ်ငုံစာနှစ်ငုံစာကို မော့ပြီး၊ အနားယူ လိုက်ဦးမယ်...''

သုသာန်စောင့်ကြီးကို ထားခဲ့ပြီး၊ တပည့်နှစ်ယောက် ထွက်လာခဲ့သည်။ ညသည် မှောင်သထက်မှောင်လာကြသည်။ လင်းတ



တို့သည်လည်း တစ်ပင်မှတစ်ပင် ကူးချည်သန်းချည် လုပ်နေကြသည်။ လူသေကောင်များကို ရှာဖွေစားသောက်ဖို့ ခွေးအုပ်စုကလည်း...တိတ်တိတ်လေးချောင်းမြောင်းနေ၏။

''မင်း...ဟာက သေချာရဲ့လားကွာ။ ဒေါက်တာအုတ်လှငယ်တို့ အိမ်ကလူတွေ ရောက်မလာရင်တော့ ငါတို့နှစ်ယောက် မလွယ်ဘူး...။ အခုလိုအချိန်ကျမှ အပြင်ထွက်ပြီး ဝယ်ရရင် လမ်းမှာ သူရဲခြောက်လိမ့်မယ်''

''မင်းကလဲ သုသာန်မှာနေပြီး သူရဲခြောက်ရတယ်လို့''

''ဒီနေရာက ငါတို့အိမ်၊ ငါတို့ယာ ဖြစ်နေတာလေ၊ မြို့ကိုရောက်အောင်သွားတဲ့ လမ်းက ဝေးလည်းဝေးသေး။ မှောင်ကလည်းမှောင်သေး...လမ်းမှာရှိတဲ့ ထိန်ပင်ညီနောင်က အစိမ်းမအကြောင်းလဲ မင်းကြားဖူးနားဝ ရှိရက်သားနဲ့...''

သုသာန်မှာ နေ့ရောညပါနေပြီး ထိန်ပင်ညီနောင်၏ အစိမ်းမကို ကြောက်နေကြသည်။

မဲကြီးတို့ လာခဲ့ရင်လည်း...ဒီထိန်ပင်ညီနောင်ကို ကျော်ရှောင်လို့ မရပေ။

"ဟော…ဟိုမှာ တွေ့လား"

လှည်းဘီးဘီးသံနှင့်အတူ မီးရောင်ဖျဖျကို လှမ်းတွေ့လိုက်ကြသည်။

"ငါမပြောဘူးလား"ဆိုသော အကြည့်ဖြင့် ကျုန့်တစ်ယောက်ကို ကြည့်လိုက်၏။

"ငါတို့လာမှာ သိလို့…မင်းတို့ လာကြိုနေတာလား"

"ဒါပေါ့…ငမဲကြီး"

သုသာန်စောင့်နှစ်ယောက်နှင့် ငမဲကြီးမှာ တကယ့်ကို အပေါင်းအသင်းတွေလို ခေါ်ကြပြောကြသည်။ မိန်းမငယ်လေးကတော့ ပထမနေ့တုန်းကထက် အကြောက်အလန့်မရှိ။ ရဲတင်းနေ၏။

"ဒါနဲ့ နေပါဦး…ငမဲကြီးတို့က…ဒီလိုပဲနေ့တိုင်း လာနေမှာလား"

"ကျွန်မတို့က ခုနစ်ရက်ပြည့်အောင်လာမှာ တစ်ရက်ထက် တစ်ရက် နောက်ကျပြီးမှ ရောက်လာလိမ့်မယ်။"

"ဟုတ်တယ် ဘော်ဒါတို့…ငါတို့က ဒေါက်တာ အုတ်လှ ယယ်မှာခဲ့တဲ့အတိုင်း လိုက်လုပ်ရတာ"

"သူက ဘယ်လိုမှာခဲ့လို့တုံး"

ပစ္စည်းများကို ကူသယ်ပေးရင်း သုသာန်စောင့်က စပ်စု လိုက်သည်။ ငမဲကြီးကလည်း အားပါတရပြော၏။

"သူ့ကို ဂူသွင်းပြီး ခုနစ်ရက်တိတိ ညစာလာကျွေးပါလို့ မှာသွားတယ်။ တစ်ခေါက်ထက်တစ်ခေါက် အစားအသောက်တွေ ပိုမိုယူလာဖို့ သေသေချာချာမှာတယ်"

ငမဲကြီးစကားက သုသာန်စောင့်တွေအတွက် စဉ်းစားစရာ ဖြစ်နေ၏။ သေသူတစ်ယောက်၏ စကားကို မြေဝယ်မကျ နား ထောင်သည့်အတွက် အံ့ဩမိသည်။

"နေပါဦး…သူကသေသွားပြီးပဲ…ဒါတွေကို စားလို့ သောက်လို့မှ မရဘဲ"

"ဟင်း…ဟင်း…မင်းတို့သိတာ ဒီလောက်ပဲလား။ သုသာန်မှာနေပြီး… ဝိညာဉ်လောက အကြောင်းကို သေသေ ချာချာမှ နည်းမလည်သေးပဲကိုး…"



ငမဲကြီးက လှောင်ရယ်သံဖြင့် ပြောသည်။ လူသံသူသံ တွေကြောင့် မှိန်းနေသော သုသာန် စောင့်ကြီး ခေါင်းထောင်ကြည့် သည်။

"ဒါဆို…ခင်ဗျားတို့က သင်္ချိုင်းကုန်းကို လာပြီး ၊ သရဲ ဇကျွေးတာကိုး။ သေသွားတဲ့ ဒေါက်တာအုတ်လှငယ်က… သုသာန်စောင့်နှစ်ယောက်စလုံး ခေါင်းကြီးသလိုခံစားလိုက်ရ၏။ ဆရာကြီးကတော့ ဒီအကြောင်းတွေကို မသိပေ။ ဆရာကြီးရှေ့ ရောက်မှ မိန်းမငယ်လေးက ထပ်ပြော၏။

"ဖေဖေက သူတစ်ယောက်တည်းအတွက်တင် မကဘူး၊ ဒီသင်္ချိုင်းမှာရှိနေတဲ့သူတွေ အားလုံးကို ခုနစ်ရက်ခုနစ်လီ ကျွေးချင် မွေးချင်တာလေ…ဒါမှလဲ ဒီကလူတွေနဲ့ တစ်ရင်းတနီး ဖြစ် မှာပေါ့…"

ထုံစံအတိုင်း သုသာန်စောင့်သုံးယောက်အတွက် စားစရာ၊ သောက်စ[illegible]တွေကို အလျှင်ပေးသည်။ ပြီးမှ…ငမဲကြီးနှင့် မိန်းမငယ်တို့ အုတ်ဂူဆီသို့သွားကြ၏။

"ဆရာကြီးရေ ဆန်းတော့ အဆန်းသားနော်…ခုနစ်ရက် ခုနစ်လီ အဲဒီသေသွားတဲ့ ဒေါက်တာကြီးက ဝိညာဉ်တွေနဲ့ မိတ်ဆုံစားပွဲ လုပ်ဦးမှာဆိုပဲ…"

"သေချာတယ်ကွ…ဒါဆို…အဲဒီဒေါက်တာကြီးက အယူသည်းပြီး သရဲဖြစ်သွားပြီ…"

တပည့်နှစ်ဦးကတော့ ပြောချင်တာတွေ ပြောနေ၏။ သုသာန်စောင့်ကြီးအတွက်လည်း အခုကိစ္စက အထူးအဆန်း ဖြစ်နေသည်။

"ယုံရခက်…မယုံရခက်ပဲ…ငါတို့က မမျိုးနဲ့ရိုးနဲ့ သုသာန်စောင့် လုပ်စားခဲ့တာ။ သူ့ရဲ့ တစ္ဆေကို မြင်ဖူးတယ် တွေ့ဖူးတယ်။ အခုလိုကိစ္စမျိုးတော့ ငါ့တစ်သက်မှာ ပထမဆုံး ကြုံရတာပဲ…"



"ဒီကောင် ပြောသလိုများ၊ ဒေါက်တာအုတ်လှယင်ဆိုတဲ့ သူက သရဲတကယ်ဖြစ်သွားပြီလား"

"ဒါတော့ ငါလဲဘယ်ပြောတတ်မလဲ၊ အဲဒီလူတကယ့်သရဲဖြစ်တယ်ဆိုရင်တောင်။ ဒီမှာ ကြာကြာ ဘယ်နေပါ့မလဲ…"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဟာ…မင်းလဲသုသာန်စောင့်လုပ်ပြီး တယ်တုံးတာကိုး မင်းငါ့ဆီမှာ လာနေတာ…သုံးနှစ်သုံးမိုးပြည့်တော့မယ်။ ဒီသင်္ချိုင်းမှာ ဘယ်နှစ်ခါများ သရဲခြောက်ခံဖူးလဲ…"

"ဟုတ်သားပဲ…မင်းကလည်း…သရဲတစ္ဆေဆိုတာ သင်္ချိုင်းကုန်းမှာ နေရိုးထုံးစံမရှိဘူး"

"ဘာလို့လဲ ဆရာကြီး"

"ရှင်းရှင်းလေးပဲ ဒီနားမှာ သူတို့အတွက် စားစရာ၊ သောက်စရာက အရမ်းရှားတယ်။ သင်္ချိုင်းကုန်းဆိုတာ လူအရိုးနဲ့ ဆွေးမြည့်ပုပ်ပွနေတဲ့ အလောင်းတွေပဲရှိတာ။ သူတို့က လူတွေနဲ့ နီးတဲ့ နေရာတွေမှာပဲ ကပ်နိုင်ပြီး…ရှာဖွေစားသောက်ရတာမျိုးကွ"

သုသာန်စောင့်ကြီးက…မသိနားမလည်သော တပည့်ကို တတ်

သရွေ့မှတ်သရွေ့ ရှင်းပြသည်။ သူတို့သုံးသောက်သား သောက်ရင်းစားရင်း အချိန်တွေကုန်ခဲ့သည်။ ဒီတစ်ရက်မှာတော့…ပြန်ခါနီးမှာ သုသာန်စောင့်တွေကို ငမဲကြီးတို့ နှုတ်ဆက်သွား၏။

# သင်္ချိုင်းမှ နိုးထလာသူ

ခုနစ်ရက်ညမြောက် ရောက်ခဲ့ပြီ။

သုသာန်စောင့်တွေအတွက် နောက်ဆုံးည၊ နောက်ဆုံးအခွင့်အရေးပင် ဖြစ်တော့၏။ ညရှည်နာရီထိုးသံကို သူတို့သုံးယောက်စောင့်ဆိုင်းနေကြ၏။

“ရှစ်နာရီထိုးပြီ”

“ဒါဆို မကြာခင် ရောက်လာတော့မှာပဲ”

နောက်ဆုံး အခွင့်အရေးမို့ သုသာန်စောင့်ကြီးကိုယ်တိုင်တပည့် နှစ်ယောက်နှင့်အတူ ငမဲကြီးတို့အား ထွက်ကြို၏။

“နောက်ရက်တွေဆိုရင် ကျုပ်တို့တော့ ဒုက္ခကောင်း

ကောင်းတွေပြီ…"

"မနက်ဖြန်ကိစ္စကို တွေးမနေနဲ့…ဒီနေ့ည"

လှည်းဘီးအိ သံနှင့် မီးရောင်ကို မြင်သည်။ ငမဲကြီးနှင့် မိန်းမငယ်တို့ နှစ်ယောက်လာနေကြပြီ။ အချိန်ကြာကြာ သိပ် မစောင့်လိုက်ရပေ။ သူတို့ရှေ့သို့ မြင်းလှည်းဆိုက်ရောက်လာ သည်။

"ဒီနေ့က နောက်ဆုံးနှုတ်ဆက်ပွဲဆိုတော့…ပစ္စည်းတွေ တော်တော်များတယ်၊ မင်းတို့ပါ ကူသယ်မှဖြစ်မှာနော်"

ငမဲကြီးက အချက်ပေးလိုက်သည်။ သုသာန်စောင့်တွေ ပစ္စည်းတွေကို မမောမပန်းကူသယ်ပေး၏။ သုသာန်စောင့်ကြီး စိတ်ထဲမှာတော့ နောက်နေ့တွေအတွက် စုဆောင်းထားမှ ဖြစ်မယ် ဟု စိတ်ကူးနေ၏။ ထုံးစံအတိုင်း သုသာန်စောင့်တွေအတွက် ခွဲတမ်းကိုပေးသည်။

နောက်ဆုံးရက်မို့ အစားအသောက်တွေများ၍ တပည့် နှစ်ဦးကို အုတ်ဂူအထိထည့်ပေးလိုက်ရ၏။ အုတ်ဂူအထိ လူနှစ် ယောက်လိုက်ပို့တာကို ငမဲကြီး နှင့် မိန်းမငယ်တို့လည်း တားမြစ်



ခြင်းမရှိပေ။

"ဟင်း…"

"စောစောက သူတို့ပေးခဲ့တာ အများကြီးပဲ၊ ဘယ်ရောက် သွားတာတုံး"

"ဟုတ်တယ် ဒီလောက်အချိန်တိုတိုလေးမှာ ဆရာကြီး တစ်ယောက်တည်း သောက်လို့စားလို့မကုန်နိုင်ပါဘူး"

အုတ်ဂူဆီမှ ပြန်ရောက်လာသော တပည့်နှစ်ယောက်မှာ အစားအသောက်တွေ ပျောက်ဆုံးသွားသည့်အတွက် အံ့မခန်း ဖြစ် နေကြသည်။

"ငါနဲ့အတူတူ သူရဲတစ္ဆေတွေ ဝိုင်းဖွဲ့စားသောက်ကြတာ ဖြစ်မှာပေါ့"

"တကယ်လား…ဆရာကြီး"

"ဟုတ်ရဲ့လားဗျာ…ကျွန်တော်ဖြင့် တကယ်ကို ကျော ချမ်းလာပြီ"

"ဟား…ဟား"

သုသာန်စောင့်ကြီး၏ တပည့်နှစ်ယောက်ကိုကြည့်ပြီး အားပါး

တရရယ်မောတော့သည်။ ရယ်သံကြီးက သုသာန်တစ်ခုလုံး ပွဲတင်ထပ်နေသည်။ မကောင်းဆိုးဝါးတွေ သံယောင်လိုက်ပြီး ဝိုင်းပြီး ရယ်မောနေသယောင် ထင်ရသည်။

“မနောက်နဲ့ ဆရာကြီး”

“ငါနောက်တာကို သိသိကြီးနဲ့ မင်းတို့က ဘာလို့ သွေးပျက်ချင်နေရတာတုန်း၊ သုသာန်စောင့်နဲ့ သရဲတစ္ဆေဆိုတာ တစ်တန်းစားတည်းပဲလို့ လူတွေ သတ်မှတ်ထားတာ၊ ငါတို့ကို ဘယ်သူကများ ဆေးဖော်ကြောဖက်လုပ်ကြလို့တုန်း…၊ သုသာန်မှာသာ ငါတို့ကိုအရှင်သခင်လို ဆက်ဆံတာ ဒီသုသာန်မြေက ခြေတစ်ဖဝါးကျော်တာနဲ့ ငါတို့ကိုဘယ်သူကများ သက်ရှိလူသားရယ်လို့ သတ်မှတ်လို့တုံး”

“ဒါဆိုရင် ငမဲကြီးတို့ပေးတဲ့ ဟာတွေရော”

“နောက်နေ့တွေအတွက် သိမ်းထားလိုက်တာပေါ့ကွာ ဒီငမဲကြီးနဲ့ ကောင်မလေးက သေခါနီးပြောသွားတဲ့စကားကို အဟုတ်မှတ်ပြီး လိုက်အရှူးထနေကြတာ။ မင်းတို့ပဲ စဉ်းစားကြည့်



အုတ်ဂူပေါ်က ဟာတွေကို ဘယ်သရဲတစ္ဆေလာစားလဲ၊ လာယူလဲ၊ ငါတို့ပဲ ယူစားတာမျိုး မဟုတ်လား”

သုသာန်စောင့်ကြီး၏ စကားကြောင့်ပင် တပည့်နှစ်ယောက် အမြင်မှန်ရသွား၏။ ဝိညာဉ်မိတ်ဆုံစားပွဲ၏ နောက ညကို ပျော်ပျော်ပါးပါး သောက်စားမူးယစ်လိုက်ကြ၏။

ပါလာသော အစားအသောက်များကို ခင်းကျင်းလိုက်ကြသည်။ ငမဲကြီးရော မိန်းမငယ်လေးပါ နာရီစက္ကန့်တံရွေ့ရှားမှုကို အာရုံစိုက်နေကြသည်။

“ဂွ”

“ဂွ”

“အူ…အူ”

ငှက်ဆိုးအော်သံ၊ ခွေးအူသံတွေက သုသာန်တစ်ခုလုံး ဆူညံသွားသည်။

“ဘကြီးမဲ”

“ဘာလဲ…မိန်းကလေး”



“ပြောခဲ့တဲ့အတိုင်း…ဖြစ်ပါ့မလား…ဟုတ်ရောဟုတ်ပါ့မလား…ဟင်”

ညကိုးနာရီထိုးဖို့ မိနစ်ပိုင်းသာ လိုတော့သည်။ မိန်းမငယ်လေးက အရာရာတွက် စိုးရိမ်ကြောင့်ကြနေသည်။

“ခဏလေး စောင့်ပါ…ကိုးနာရီထိုးခါနီးနေပြီ…”

မိန်းမငယ်လေးကို နှစ်သိမ့်စကားပြောသည်…ပြီးတော့ အုတ်ဂူပတ်ချာလည်ကို ကပ်ပြီးနားထောင်နေ၏။

ငမဲကြီးမှာ…ကိုယ့်အသံရှူသံကိုပင် ကိုယ်ပြန်ကြားနေရ၍ မကျေမနပ်ဖြစ်မိသည်။ အသံတွေက မသဲမကွဲ…။

“ကိုးနာရီထိုးပြီ ဘကြီးမဲ”

“ရှူး”

စကားမပြောဘဲ တိတ်တိတ်နေရန် ငမဲကြီးသတိပေးလိုက်သည်။ အုတ်ဂူကို ကပ်ပြီး အသေအချာနားထောင်သည်။

“ခြစ်”

“ခြစ်”

အုတ်ဂူအတွင်းမှ ကုတ်သံဖွဲ့သံတွေကို ငမဲကြီး ကြားရ

သည်။ ဝမ်းသာအားရဖြစ်ပြီး…။

"ဆရာကြီး ပြောတဲ့အတိုင်း တကယ်ဖြစ်ပြီ မိန်းကလေး"

ငမဲကြီးကတော့ ထခုန်မတတ်ဝမ်းသာနေသည်။ မိန်းမငယ်လေးကတော့ တစ်စုံတစ်ရာ အမှားအယွင်းမဖြစ်စေဖို့ ထိတ်လန့်တုန်လှုပ်စွာ ဆုတောင်းနေ၏။ အသင့်ယူလာသော တူကြီးနှင့်ဆောက်တို့ကို ငမဲကြီး ကောက်ကိုင်လိုက်သည်။ ဒီအုတ်ဂူက သူကိုယ်တိုင်လုပ်ခဲ့ခြင်းမဟုတ်လား…"

"ဒုတ်"

"ဒုတ်"

ခပ်ဆဆလေးနှစ်ချက်ထုလိုက်သည်။ အက်ရာပေါ်လာသည်။ မဆလာများကို အသာဖဲ့ထုတ်လိုက်သည်။

"ဟယ်…အုတ်ဂူပွင့်သွားပြီ"

ငမဲကြီးက အုတ်ခဲများကို ဆွဲထုတ်သည်။ မိန်းမငယ်လေးမျာမှာတော့ အုတ်ဂူပွင့်သွားတာကို ကြည့်ပြီး အံ့သြတုန်လှုပ်နေသည်။ လူတစ်ကိုယ်စာ တိုးထွက်လို့ရသည်အထိ ဖွင့်လိုက်သည်။

"ငမဲကြီးရေ"



"ဘယ်…မှာ…လဲ"

အားကုန်အော်ဟစ်နေသော အသံက အုတ်ဂူအတွင်းမှ ခပ်ယဲ့ယဲ့လေး ထွက်ပေါ်လာသည်။ ဒီအသံကို ငမဲကြီးနှင့်အတူ မိန်းကလေးငယ်လည်း ကြား၏။ ဒီအသံက သူမဖခင်၏အသံ ပုံမှန်ထက် ကွဲအက်နေသော အသံ၊ ငမဲကြီး ကြိုရာမရဖြစ်နေသည်။ နောက်ဆုံးတော့ အုတ်ဂူပေါက်ထဲမှ လက်ဆွဲမီးအိမ်ချပေးလိုက်သည်။

"ဆရာကြီး…"

"င…မဲ…ကြီး…ရေ"

"ကျုပ်တော့်လက်ကို အားနဲ့လှမ်းဆွဲလိုက်လေ…"

အုတ်ဂူအတွင်းမှ လူကိုငမဲကြီး လှမ်းပြောလိုက်သည်။ နောက်ဆုံးတော့ အေးစက်နေသော လက်အစုံက ငမဲကြီးလက်အား အငမ်းမရလှမ်းပြီး ဆုပ်ကိုင်၏။ ငမဲကြီးလည်း ရှိသမျှအားအင်ကို စုစည်းပြီး…ရအောင်ဆွဲယူလိုက်၏။

"အား"

"ဝူး"

အုတ်ဂူအတွင်းမှ ခန္ဓာကိုယ်မှာ တစ်ဝက်တစ်ပျက်သာ အပြင်ရောက်သေး၏။ အုတ်ဂူထဲမှ အရိုးအသက်တွေက နောက်ကို သွားလောက်အောင် လျှံထွက်လာသည်။ ငမဲကြီးခများလည်း ခြေကုန်လက်ပန်းကျပြီး မောပန်းနေ၏။

"မိန်းကလေး…ဒီအတိုင်းရပ်ကြည့်မနေနဲ့… ဘကြီးမဲကို ကူဦးမှပေါ့"

ငူငူကြီး ကြည့်နေသော မိန်းမငယ်အား အပြစ်တင်လိုက်သည်။ ငမဲကြီး၏ နိုင်းစေမှုကြောင့် အေးစက်ပျော့ခွေနေသော လူကိုယ်ကြီးကို ရအောင်ဆွဲထုတ်တော့သည်။ အုတ်ဂူအတွင်းမှ နေပြီး အပြင်သို့ရောက်တော့လာသည်။ စောစောက ကြားရသော အသံများက ဘယ်ရောက်ကုန်ပြီနည်းဟု မိန်းမငယ်တွေးမိသည်။ ရုပ်ကိုမမြင်ရမှောက်ခုံကြီးဖြစ်နေသည်။ ဘကြီးမဲက ပက်လက် ဆွဲလှန်လိုက်သည်။

"အား"

"အမယ်လေး"

ပက်လက်လှန်လိုက်သောအခါ မြင်လိုက်ရသော မြင်ကွင်း



ကြောင့် မိန်းမလေး လန့်အော်မိသည်။ လန့်လည်းလန့်လောက် စရာကောင်းသည်။ မျက်နှာတစ်ခုလုံး တီကောင်တွေ ပိုးကောင် တွေ ကိုက်ဖဲ့စားထား၍ သွေးသံရဲရဲဖြစ်နေ၏။

"ဘာလို့အော်ရတာတုံး…တော်ကြာလူတွေ ကြားသွား လို့ ဒုက္ခရောက်နေဦးမယ်"

ပက်လက်ဖြစ်နေသော ခန္ဓာကိုယ်ကို နားဖြင့်ကပ်ပြီး ငမဲကြီး နားထောင်သည်။ ပြီးမှ…

"ကဲ အချိန်သိပ်မရှိဘူး…ဒီဂူကိုပြန်ပိတ်ဖို့ ဘကြီးမဲနဲ့ အတူဝိုင်းကူဦး၊ ခပ်မြန်မြန်လေးလုပ်နော်"

ငမဲကြီးပြောတဲ့ အတိုင်း မိန်းမငယ်လေး လိုက်လုပ်နေ သည်။ အုတ်ဂူကို ပုံစံမပျက် ပြန်ပိတ်သည်။ အုတ်ဂူအတွင်းမှ ထုတ်ယူခဲ့သော ခန္ဓာကိုယ်ကြီးကို ငမဲကြီးကိုယ်တိုင်ထမ်း၏။ ငမဲကြီးတို့ မြင်းလှည်းထွက်သွားတာကို သုသာန်စောင့်တွေ မမြင် လိုက်၊ မကြားလိုက်ကြပေ…"

# ထူးဆန်းတဲ့ အသေကောင်

မန္တလေးမြို့ မျက်နှာကြီးအသိုင်းအဝိုင်းများကြားမှာ လိမ်လည်မှုကြီး တစ်ခုဖြစ်ပွားခဲ့၏။ အလိမ်ခံရသောသူတွေမှာလည်း မျက်နှာဖြူအသိုင်းအဝိုင်းနှင့် ပတ်သက်သောသူတွေ၊ အဆိုးဆုံးကတော့ မင်းကြီးနှင့်သူငယ်ချင်းတော်သူ…၊ အရေးပိုင်မင်း၏ ဇနီး ဒေါ်မိမိကြီး အလိမ်ခံရခြင်းဖြစ်သည်။

ထိုအမှုအခင်းက အိုင်ပီထွန်းကြိုင်နှင့် ဆားပုလင်းတိုက်မောင်းတို့ ခေါင်းပေါ်သို့ ပုံကျလာ၏။

မင်းကြီး၏ တာဝန်ပေးချက်အရ ထိုလိမ်လည်မှုကို ဖော်ထုတ်ပေးရမည် ဖြစ်သည်။

"ကျုပ်တော့ ခေါင်းကိုက်ပြီ ကိုတိုက်မောင်းရေ"

"ဘာခေါင်းကိုက်စရာလိုသလဲဗျာ။ အလုပ်ကိစ္စက

လိမ်ညာမှုပဲ…သူတို့ညံ့လို့သူတို့ခံရတာ မဟုတ်လား ဒီမျက်နှာဖြူတွေက အကဲပိုလွန်းတယ်။ သူတို့နဲ့ပတ်သက်တဲ့သူတွေကို ထိတော့ မညှာမတာ ဒေါသထွက်တဲ့ကိစ္စပဲ…''

''လိမ်တဲ့သူကလည်း ရာဇဝင်လူလည်လူကောက် မဟုတ်ဘူး၊ ပညာတတ်ပဲဗျ''

''ပညာတတ်တစ်ယောက်က ပိပိရိရိလိမ်တော့ သူတို့ ပိုပြီး အခံခက်တာ ပေါ့ ထင်ပါတယ်ဗျာ''

''ဒေါက်တာအုတ်လှငယ်ဆိုတဲ့သူက အောက်စဖို့ဒ်ကနေ ဘွဲ့ရထားတာ။ ဒီလူကလည်း သူ့အဆင့်အတန်းနဲ့နာမည် ဆိုးတွင်အောင်လုပ်သွားတဲ့သူပဲ''

''ဘာလဲ ကျုပ်တို့က အဲဒီ အောက်စဖို့ဒ်ဘွဲ့ရ ဒေါက်တာကို ဖိုးတွမ်တီနဲ့ အမှုဖွင့်ပြီး ဖမ်းပေးရမှာလား။ ဒီကိစ္စလောက်ကို မန္တလေးက ပုလိပ်တွေ နိုင်းလည်းရသားနဲ့ အိုင်ပီရာ''

ဆားပုလင်း ဟိုက်မောင်းက မင်းကြီးဖြစ်သူ၏ ခိုင်းစေချက်ကို မကျေမနပ်ဖြစ်ပြီး ပြီးစလွယ်ပြောလိုက်သည်။

''အဲဒီ ဒေါက်တာအုတ်လှငယ်က သေသွားပြီ…သင်္ဂြိုဟ်ပြီးဟာ နှစ်ပတ်ကျော်သွားပြီ''



''ဟင်…အဆန်းပါလားဗျ''

''ဟုတ်တယ် ကိုတိုက်မောင်း ကျုပ်အထင်တော့ ဒီလူ သွေးရိုးသားရိုး သေတာတော့ မဟုတ်လောက်ဘူး။ ဒါမှမဟုတ် သူများဆီက ငွေတွေကို ပြန်မပေးနိုင်တာနဲ့ ရှက်ပြီး သူ့ကိုယ်သူ သေကြောင်းကြံတာမျိုးလည်း ဖြစ်နိုင်တယ်''

''ပေးစမ်းပါဦး ဒေါက်တာအုတ်လှငယ်နဲ့ ပတ်သက်ပြီး မန္တလေး ဂတ်ထဲက ပို့လိုက်တဲ့ အထောက်အထားတွေ''

စာရွက်စာတမ်းအပြည့်အစုံကို ဆားပုလင်းတိုက်မောင်း ယူကြည့်လိုက်သည်။ စာရွက်တွေကို တစ်ရွက်မကျန် အကုန်ဖတ်သည်။ အိုင်ပီထွန်းကြိုင်ကတော့ စိတ်ပျက်၊ လက်ပျက်ဖြင့် ဘီယာကို တစ်ခွက်ပြီးတစ်ခွက် ဖိသောက်နေ၏။

''ဒီလူက ပညာတတ်ပီပီ ပိပိရိရိနဲ့လုပ်သွားတာပဲ။ ကျန်ခဲ့တဲ့သူ့သမီးလေးကို မသေခင်ကတည်းက သေတမ်းစာနဲ့ အားလုံး လွှဲခဲ့တာကိုး…။ ခရစ်ယာန်ဘာသာထဲဝင်လိုက်တာ တစ်နှစ်တောင်မပြည့်သေးဘူးနော်''

"ဟုတ်တယ် ကိုတိုက်မောင်း…ဒါကြောင့် အလိမ်ခံရတဲ့သူတွေက ဘာမှလုပ်လို့မရဘူး သေသွားတဲ့ သူ အဖေကလိမ်ခဲ့တာ ဒီပစ္စည်းတွေကို သူ့သမီးက ပိုင်ပြီးသားဖြစ်နေပြီ"

"နေဦး…အိုင်ဗီ ငွေလိမ်တယ်ဆိုတာပဲ ရှိတယ်။ ဘယ်လိုအကြောင်းပြပြီး လိမ်တယ်ဆိုတာကို မတွေ့ရဘူး။ ဥပမာဗျာ ငွေချေးတာမျိုး၊ လုပ်ငန်းစပ်တူလုပ်တာမျိုးပေါ့။ ဒေါက်တာ အုတ်လှငယ်က ငွေယူတဲ့ အထောက်အထားတွေလည်း မတွေ့ရပါဘူး။ ဒါ သက်သက်မဲ့သေသွားတဲ့ ဒေါက်တာ အုတ်လှငယ်နာမည် ဖျက်တာရော မဖြစ်နိုင်ဘူးလား။ ပြီးတော့ ဒေါက်တာအုတ်လှငယ် နှလုံးရောဂါနဲ့ ရုတ်တရက်သေတယ် ဆိုတာကို ဆရာဝန်ကြီးတွေ ကိုယ်တိုင် လက်မှတ်ထိုးတာမျိုး မဟုတ်လား"

ဒေါက်တာအုတ်လှငယ်နှင့် ပတ်သက်ပြီး ဆားပုလင်းတိုက်မောင်း ခေါင်းထဲမှာ စဉ်းစားမိတာတွေ များလွန်းနေသည်။ ပြီးတော့ ဒီကိစ္စနှင့်ပတ်သက်ပြီး ဆားပုလင်းတိုက်မောင်း စိတ်ဝင်စားနေ၏။ အိုင်ဗီထွန်းကြိုင်ကလည်း သိသမျှ အချက်အလက်ကို ပြောပြ၏။



"ဒီလူငွေလိမ်တာတော့ သေချာတယ်။ ဒီလူဆီကနေ စိန်တွေလိုချင်လို့၊ လူတွေက ပိုက်ဆံတွေပေးလိုက်ကြတာပဲ"

"ဘာလဲ…ဒီလူက စိန်ပွဲစားလား အိုင်ဗီ"

"မဟုတ်ဘူး ဒီလူက ဓာတုဗေဒနဲ့ဘွဲ့ရလာတဲ့သူ… တီထွင်တာ အရမ်းတော်တယ်။ ပထမတော့ ရေမွှေးတို့ အလှကုန်ပစ္စည်းတို့ ထုတ်တယ်။ နောက်ပိုင်း မလုပ်တော့ဘူး။ စိန်ကိုပဲ တစိုက်မတ်မတ် ဖြစ်အောင်လုပ်တော့တယ်"

"စိန်ဝယ်ချင်တာများဗျာ…အဲဒီဒေါက်တာလုပ်တာကို အပင်ပန်းခံ၊ ပိုက်ဆံအကုန်ခံပြီး မှာနေရသေးတယ်။ တွင်းထွက်စိန်က ပိုပြီး အရည်အသွေးမကောင်းဘူးလား။ စိန်စစ်စစ်လည်း ရနိုင်တယ်။ လူတွေလိမ်ခံရတာ နည်းတောင်နည်းသေးတယ် အိုင်ဗီ"

ပါးစပ်က အလွယ်တကူပြောမိပေမယ့် အိုင်ဗီထွန်းကြိုင် ဆက်ပြောသည့် စကားများကြောင့်…။

"ဒီလူလုပ်တဲ့ စိန်က ရိုးရိုးစိန်မဟုတ်ဘူး"

"ဘယ်လိုမျိုးလဲ"

"ကိုတိုက်မောင်းလည်း ကြားဖူးရင်ကြားဖူးလိမ့်မယ်။ လူအရိုးကနေ စိန်ဖြစ်အောင်လုပ်တာကိုလေ"

အိုင်ဝီထွန်းကြိုင်စကားကြောင့် ပိုလို့ စိတ်ဝင်စားသွားသည်။ လူသေ အရိုးကနေ စိန်ဖြစ်အောင်လုပ်ခဲ့သည်ဆိုပဲ…။

"ကြားဖူးတယ် ဒါပေမယ့် အဲဒီလူအရိုးက ဖြစ်တဲ့စိန်က တကယ့်စိန်အစစ်ထက်သုံးလေးဆလောက် ပိုက်ဆံပိုပေးရတယ်။ ဒါကြောင့် ခေတ်မစားတာ…။ ပိုက်ဆံ အရမ်းချမ်းသာတဲ့လူ အနည်းကျဉ်းလောက်သာ ကိုယ့်မိဘကိုယ့်ဇနီးရဲ့ အရိုးကို အမှတ်တရ စိန်လုပ်ကြတာ။ ဒါကလည်း တစ်သိန်းမှာတစ်ယောက် တစ်သန်းမှာ တစ်ယောက်လောက် ပိုက်ဆံပေါပေါနဲ့ အရူးထပြီး လုပ်ကြတာမျိုးပဲ အိုင်ဝီ…"

"ဒါကြောင့် ငွေအလိမ်ခံရတာ ဒေါက်တာအုတ်လှငယ် ကြီးကြီးဖန်ဖန် လုပ်တတ်တယ်ဆိုတာကို ယုံကြတယ်။ လူအရိုးကနေ စိန်အစစ်ရအောင် ဈေးချိုချိုနဲ့ လုပ်ပေးမယ်ဆိုတော့ အားလုံးက ယုံပြီး ပိုက်ဆံတွေပေးခဲ့ကြတယ်။ နောက်ဆုံးကျတော့ သူ့စမ်းသပ်ချက်မအောင်မြင်ဘူး။ ပိုက်ဆံတွေလည်း ပြန်မပေးနိုင်



ဘူးလို့ ပြောတာပဲ…။အဲဒီလိုပြဿနာဖြစ်နေတဲ့ ကာလမှာပဲ ဒီလူက ရုတ်တရက် ကောက်ခါငင်ကာ သေသွားတာပဲ ကိုတိုက်မောင်း…"

အဖြစ်အပျက်တွေကို အားလုံး ဆက်စပ်ပြီး တွေးကြည့်လိုက်သည်။ သွေးရိုးသားရိုး မဟုတ်ဘူးဆိုတာကို ဆားပုလင်းတိုက်မောင်း နားလည်လိုက်သည်။

"ကျုပ်တို့ အခုချက်ချင်း မန္တလေးကို လိုက်သွားရအောင် အိုင်ဝီ"

ရုတ်တရက်ကြီး ပြောချလိုက်သောစကားကြောင့် အိုင်ဝီထွန်းကြိုင် အံ့ဩသွား၏။ ဒီလိုပြောတာ အကြောင်းရှိပြီးဆိုတာလည်း နားလည်လိုက်သည်။

"အစတုန်းက စိတ်မပါသလိုနဲ့ အခုမှ ဘယ်လိုစိတ်ပြောင်းပြီး အားချင်းသွားချင်ရတာလဲ ကိုတိုက်မောင်း"

"ကိစ္စရှိလို့ပေါ့ဗျာ…ကျုပ်လည်းကျုပ်အဘိုးရဲ့ အရိုး ကို စိန်ဖြစ်အောင်လုပ်ပြီး လက်စွပ်ဝတ်ထားချင်လို့…အဲဒါ ဒေါက်တာအုတ်လှငယ်ကို တွေ့အောင်ရှာပြီး အလုပ်ခိုင်းမလို့

လေ---”

“ဒေါက်တာ အုတ်လှငယ်က သေသွားပြီလေ။ ကိုတိုက်မောင်း ဘယ်လိုလုပ်ပြီး တွေ့နိုင်မှာလဲ”

“လူကို မြှုပ်တဲ့သုသာန်ကိုလိုက်သွားပြီး ရှာမှာပေါ့ဗျာ”

အိုင်ပီထွန်းကြိုင်ကို စကားထပ်မပြောတော့ပဲ၊ ခရီးသွားဖို့ဆားပုလင်းတိုက်မောင်း ပြင်ဆင်တော့၏။

ကွမ်းခြံဘူတာကြီး ရုံးပိုင်ချုပ်ဆီ အိုင်ပီထွန်းကြိုင်ဖုန်းလှမ်းဆက်လိုက်သည်။ အထက်တန်းတွဲ လက်မှတ်နှစ်စောင်ကို အမြန်ရအောင် စီစဉ်လိုက်တော့သည်။

# သင်္ချိုင်းရွှေ့ခြင်း

ဆားပုလင်းတိုက်မောင်းကတော့ တစ်လမ်းလုံးလိုလို အပူအပင်ကင်းစွာ အိပ်ပြီးလိုက်ခဲ့သည်။ အိုင်ပီထွန်းကြိုင်မှာ တော့ နိုးတစ်ဝက်၊ ပျော်တစ်ဝက်ဖြင့် အလွန်ပျင်းရိနေခဲ့ရသည်။

မန္တလေးရောက်တော့လည်း ကြည့်ဦး…။

နားနားနေနေ အချိန်ဖြုန်းဖို့ စိတ်မကူးပေ။ ခရီးရောက် မဆိုက်ပင် ဒေါက်တာအုတ်လှငယ် မြှုပ်နှံရာ သုသာန်သို့ သွား ကြည့်ဖို့ အပူတပြင်း စီစဉ်ပြန်၏။

"ဒါက ဘယ်လိုဖြစ်ရတာတုံး ကိုတိုက်မောင်း"

"ဘာဖြစ်ရမှာလဲ အိုင်ပီ…သုသာန်ကိုမြန်မြန်ရောက်ဖို့ အရေးကြီးတယ်ဗျ"

"မဟုတ်သေးဘူးလေ…။ ကျုပ်တို့ နှစ်ယောက်က မင်းကြီး အစီစဉ်နဲ့ ရောက်လာတဲ့ဧည့်သည်တွေလေ။ ကျုပ်တို့ကို တကူးတကကို လာကြိုနေကြမှာ…ဘာလို့များ ရှောင်ပြေးချင်ရတာတုံး"

"အဲဒီလိုကြိုတာတွေ ဧည့်ခံတာတွေက အရေးမကြီးဘူး အိုင်ပီ…"

"ဘာကများ အရေးကြီးတုံးဗျ"

"ဒေါက်တာ အုတ်လှုငယ်ရဲ့ အုတ်ဂူကို အပူတပြင်း စစ်ဆေးဖို့က အရေးကြီးတယ်"

ပြောနေသည့်ကြားကပင် လာကြိုသူများနှင့် မလွဲလွဲအောင် ဆားပုလင်းတိုက်မောင်း လုပ်ပစ်လိုက်သည်။

အများသူငါနှင့် ရောထွေးပြီး ဘူတာအပြင်သို့ ထွက်သည်။ အတူလာကြသူချင်း…ခွဲထွက်သွားလို့ကလည်း အိုင်ပီထွန်းကြိုင် အဖို့ လုံးဝမဖြစ်နိုင်…။

မြင်းလှည်းဆရာကို သူ့ဘာသူသူလမ်းပြောပြီး ခရီးဆက်ဖို့ ဆားပုလင်းတိုက်မောင်း အစီအစဉ်ဆွဲသည်။



အိုင်ပီထွန်းကြိုင်ကတော့ လက်လျှော့ပေးလိုက်ပြီး စိတ်တတ်အကြီးအကျယ်ကျနေ၏။

"ဒါနဲ့ ဆရာလေးတို့က အဲဒီကို ဘာလို့သွားကြမှာတုံး အဲဒီနေရာက လှမ်းတယ်။ တည်းခိုလို့လည်း အဆင်ပြေမှာ မဟုတ်ဘူး"

"ကျုပ်တို့က တည်းဖို့သွားမှာမဟုတ်ဘူး အဲဒီမှာရှိတဲ့ သုသာန်ကို ခဏသွားကြည့်မလို့"

ဆားပုလင်းတိုက်မောင်းက မြင်းလှည်းဆရာ၏ စကားကို ဖြေဘဲနေသည်။ အိုင်ပီထွန်းကြိုင်က အလိုက်မသိဘဲ ဝင်ဖြေလိုက်၏။

"ဩော်…ဩော်"ဆရာလေးတို့က အထူးအဆန်းပဲ။ ချောင်ကျကျသုသာန်ကိုမှ ရွေးပြီး သွားကြည့်ချင်တာကိုး ကြည့်ရတာ ကမ္ဘာ့ဒွန်းဝင်မလို့ထင်တယ်။"

မြင်းလှည်းဆရာက ခရီးပန်းလာသော သူတို့နှစ်ယောက်ကို ကြည့်ပြီး မှတ်ချက်ကြ၏။ ရှင်းလေရှုပ်လေ ဖြစ်ကုန်မှာစိုး၍ အိုင်ပီ ထွန်းကြိုင် ချော့လဲရောထိုင်လုပ်လိုက်ရ၏။ ဆားပုလင်း

တိုက်မောင်းကတော့ ပြုံးလို့နေ၏။

"ဟုတ်တယ်ဗျာ"

အတော်အချိန်ကြာအောင် မြင်းလှည်းကို စီးလိုက်ရသည်။

မန္တလေး၏ နေပူပူအောက်မှာ ရေနွေးအိုးထဲထည့်ပြုတ်ထားသ

လိုမျိုးခံစားနေရ၏။

"ကဲ...ရောက်ပြီ။ ဆရာလေးတို့သွားချင်တဲ့သုသာန်အထိ

လိုက်ပို့လို့မဖြစ်ဘူး မြင်တဲ့အတိုင်းပဲ လမ်းကအရမ်းဆိုးတယ်"

"ရပါပြီ...ခင်ဗျားတကူးတကလိုက်ပို့ပေးတာကို

ကျေးဇူးတင်ပါတယ်"

မြင်းလှည်းဆရာပြောသည့်အတိုင်းပင်... မြင်းလှည်းပေါ်

ဆင်းပြီး လောကဝတ်ပြုလိုက်သေး၏။

"နေပါဦး ကိုတိုက်မောင်း...သူက ရောက်ပြီပြောတ

နဲ့ ခင်ဗျားကဆင်းလိုက်တာပဲလား သုသာန်အထိရောက်အော

လိုက်ပို့ခိုင်းရောပေါ့ဗျာ"

"ကျုပ်အဲဒီလောက်ထိ မညံ့ဘူး အိုင်ပီ...ဟိုမှာတွေ့

လား"



ဆားပုလင်း တိုက်မောင်းက လက်ညှိုးထိုးပြသည်။

သုသာန်သို့ သိုသောခပ်ဟောင်းဟောင်း လမ်းညွှန်ဆိုင်းဘုတ်လေး

တွေ့ရသည်။

"နေပါဦး ကိုတိုက်မောင်း...ဒေါက်တာအုတ်လှငယ်လို

မျိုးက ဒီလိုချောင်ကျကျ ခပ်စုတ်စုတ် သုသာန်မျိုးမှာ ဘာလို့

မြှုပ်ဂူသွင်းရတာတုံး..."

"ကျုပ်လဲ အဲဒီအချက်ကို စဉ်းစားနေတာပဲ အိုင်ပီ

ျုပ်ရွေးတာ မမှားဘူး...။သုသာန်ကို ရောက်ဖို့ အရေးကြီး

ယ်"

"ဘာလဲ ကိုတိုက်မောင်း ခင်ဗျားသဘောနဲ့ခင်ဗျား

ါက်တာအုတ်လှငယ်ရဲ့ ဂူကိုဖောက်မလို့လား ကျုပ်တို့ဘယ်သူ

ယ်ဝါဆိုတာကို သုသာန်စောင့်တွေက သိမှာမဟုတ်ဘူးနော်

သနာ ဖြစ်နေပါဦးမယ်"

အိုင်ပီ ဟွန်းကြိုင်ကတော့ မနည်းမီအောင်လိုက်ပြီး တတွတ်

တ် ပြောဆိုနေ၏။ ဒါကို ဆားပုလင်းတိုက်မောင်းက လုံးဝ

စ်လျှူရှုထားလေသည်။

"ဟူး"

လေပူတစ်ချက်ကို ဆားပုလင်းတိုက်မောင်း မှုတ်ထုတ် လိုက်သည်။ သုသာန်ကို မမြင်ရသေး…

ရေကာတာလုပ်ဖို့ပြင်ဆင် မြေညှိနေသော စက်ယန္တရား များကိုသာ တွေ့ရသည်။

"ဘာဖြစ်ရတာလဲ…ကိုတိုက်မောင်း ကျုပ်တို့ရှာနေတဲ့ သုသာန်က အခုထိ မမြင်မိသေးပါလား"

"ဟာဗျာ…စီမံကိန်းနယ်မြေကြီးပါဗျာ"

"ကျုပ်တို့ အခုအရိပ်ခိုနေတဲ့ အဆောက်အအုံ ဒီသုသာန်ရဲ့ ဇရပ်ပဲ"

"ဟင်…ဒါဆို…"

"ဟုတ်တယ် အိုင်ဝီ ကျုပ်တို့ အခါနှောင်းသွားပြီ…ဒီရ ပိုင်းမှာပဲ ဒီသုသာန်ကို ဖျက်လိုက်ပုံရတယ်"

ဒေါက်တာအုတ်လှငယ်၏ ကြည့်ဖို့ရောက်လာသော သု အတွက် လုံးဝ မျှော်လင့်ချက်မဲ့သွား၏။

ဆားပုလင်းတိုက်မောင်းကတော့ လက်လျှော့မပေးသေ



ပ။ ရောက်တုန်းရောက်ခိုက် သုသာန် အရွှေ့အပြောင်းနှင့် ပတ်သက်ပြီး အလုပ်သမားများကို စပ်စုနေလိုက်သေးသည်။

"ဒီသုသာန်ဖျက်လိုက်တာ ဘယ်လောက်ကြာပြီလဲဗျ"

"ဆယ်ရက်လောက်ရှိပြီ မြေတွေညှိ…မြေတွေဖို့လုပ်ထား လို့ အနံ့အသက်ကောင်းတာ စလုပ်တုန်းကဆိုရင် အနံ့တောင် မခံနိုင်ဘူး"

"ဘာလဲ…လူသေအလောင်းရွှေ့ပြောင်းလား"

"ဟုတ်တာပေါ့ ဆရာရယ်…မထမဆုံးရက်တုန်းကဆို ကျွန်တော်ဖြင့် အနံ့တွေကြောင့်ရော မြင်ရတွေ့ရတာတွေ ကြောင့်ပါ ထမင်းတောင်စားလို့မဝင်ပါဘူး"

သုသာန်မှာ အုတ်ဂူတွေလည်း မတွေ့ရ၊ မှတ်တိုင်တွေ လည်း ဘယ်ဆီရောက်ကုန်သည်မသိ ရေကာတာလုပ်ဖို့ စက်ယန္တရားကြီးတွေဖြင့် မြေတွေညှိနေကြသည်။

"နေပါဦး…ခင်ဗျားတို့ ဒီသုသာန်ကို ရှင်းလင်းတော့ သရဲတွေဘာတွေ မခြောက်ဘူးလား"

အိုင်ဝီထွန်းကြိုင်က ဗဟုသုတအဖြစ် မေးသည်။ ဆားပု

လင်း တိုက်မောင်းကတော့ တစ်စုံတစ်ရာအတွက် လေးလေးနက်နက် စဉ်းစားနေ၏။

"သရဲတော့ အထွေအထူး မခြောက်ပါဘူး၊ ဒါပေမယ့် အတော်လေးတော့ ထူးဆန်းတယ် ဆရာ"

"ပြောပါဦးဗျ ... ဗဟုသုတရတာပေါ့"

"ကျွန်တော်က မြေသယ်ကားမောင်းတဲ့သူပါ ဆရာ၊ သုသာန်ကို မဖျက်ခင်က ဒီမှာရှိတဲ့ ဝိညဉ်တွေ သရဲတွေကို မင်းမိန်းနဲ့ နေရာရွှေ့ပြောင်းပေးရတယ်။ ဒါကြောင့်ပဲ ထင်ပါရဲ့ အခုဒီလုပ်ငန်းခွင်မှာ ဘာအနှောင့်အယှက်မှ မဖြစ်ဘူး"

"ပြောပါဦးဗျာ သရဲတစ္ဆေတွေကို ဘယ်လိုများ နေရာချထားပေးတာတုန်း"

"တခြားသုသာန်ကို နေရာရွှေ့ပေးတဲ့ သဘောပါပဲ၊ ကျွန်တော်လဲ ပထမတော့ အလကား အယူသည်းတာပါလို့ ထင်နေတာ ဖြစ်ချင်တော့ကျွန်တော်မောင်းတဲ့ မြေသယ်ကားနဲ့ ရွှေ့ပေးရတာ"

"ဟုတ်လား"



"ဟုတ်တယ်ဆရာ သုသာန်စောင့်တစ်ယောက်က မင်းတို့အားလုံး ဒီကားပေါ်တက် အခြားနေရာကိုရွှေ့ပေးမယ်လို့လဲ ပြောလိုက်ရော ကျွန်တော့်ကားပေါ်ကို လူတွေအစုလိုက်အပြုံလိုက် တက်သလိုမျိုး ငြိမ့်ခနဲ့သိမ့်ခနဲ ခံစားလိုက်ရတယ်။ ကားမောင်းပြီး ထွက်သွားတော့လဲ ဝန်တွေ အများကြီးတင်ပြီး မောင်းရသလိုပါပဲ...သူတို့နေမယ့်သုသာန်လဲ ရောက်ရော... စောစောက သုသာန်စောင့်ကပဲ မင်းတို့အားလုံးဆင်းလို့ရပြီလို့ ဆင်းကြတော့လို့ ပြောတယ်။ ကားပေါ်ကနေ အစုလိုက်အပြုံလိုက် ဆင်းကြတာ ငြိမ့်ခနဲသိမ့်ခနဲပါပဲ။ ကားကိုပြန်မောင်းလာတော့လည်း တကယ့်ကို ပေါ့ပေါ့ပါးပါးပါပဲ၊ ဒါကျွန်တော်ကိုယ်တွေ့နော် တစ်ဆင့်စကားကြားတာကို ပြန်ပြီးဖောက်သယ်ချတာမျိုး မဟုတ်ဘူး..."

အိုင်ပီထွန်းကြိုင်ကတော့ ဗဟုသုတအဖြစ် တစ်လျှောက်လုံး သေသေချာချာ နားထောင်၏။ အားလုံးပြောပြီးသောအခါ ဆားပုလင်းတိုက်မောင်းက-

"ဒါဆိုရင် စောစောက ခင်ဗျားပြောတဲ့သုသာန်စောင့်ကို

တွေ့ချင်ရင် တွေ့လို့ဖြစ်မလား"

" ဘာလဲ ဆရာက ကျွန်တော်ပြောတာတွေကိုမယုံလို့ များလား...ဘုရားပေးပေး ကျမ်းပေးပေးကျိန်ရဲပါတယ်။ တကယ့်ကို ကျွန်တော့်ကိုယ်တွေ့တွေပါပဲ"

မြေသယ်ကားမောင်းသူနှင့် ဆားပုလင်းတိုက်မောင်းတို့ နားလည်မှုတွေလွဲကြပြီး ချက်ချင်းဆိုသလိုပင် လိမ္မာပါးနပ်စွာ ဆားပုလင်း တိုက်မောင်း ကိုင်တွယ်လိုက်၏။

"ခင်ဗျားပြောတာတွေကို မယုံလို့မဟုတ်ဘူး၊ ကျုပ်တို့က ပုလိပ်စုံထောက်တွေပါ...ဒီသင်္ချိုင်းမဖျက်ခင်တုန်းက အခြေအနေ ကို သိချင်လို့ သုသာန်စောင့်ကို မေးရတာပဲ"

"တစ်ရက်နှစ်ရက်တော့ အဲဒီလူသုံးယောက် ဒီမှာကပ် နေသေးတယ်။ မောင်းထုတ်လိုက်လို့ ဘယ်ထွက်သွားကြသလဲ မပြောတတ်ပါဘူး"

ဇာတ်လမ်းကတော့ဆုံးပြီ။ ဒီအတိုင်းဆိုရင် မန္တလေးအထိ လိုက်လာခဲ့တာ အချည်းအနှီးဖြစ်ရပြီ ထင်၏။

ဒေါက်တာအုတ်လှငယ်မြှုပ်နှံရာ သုသာန်မှာ ဖျက်သိမ်းပြီး ဖြစ်နေ၏။ ဒေါက်တာအုတ်လှငယ်၏ အုတ်ဂူကို ဘယ်လိုမှ ဖွင့်ဖောက်စစ်ဆေးလို့ မရနိုင်တော့ပေ။

ဒေါက်တာအုတ်လှငယ် နေထိုင်ခဲ့သော အိမ်ဆီရောက် တော့လည်း သမီးဖြစ်သူကို မတွေ့ရ...ခြံနှင့်တိုက်ကို အပြီး ရောင်းပြီး...မန္တလေးမှ ထွက်သွားသည်ဟုသာ သတင်းရသည်။

နောက်ဆုံးတော့ အိုင်ပီထွန်းကြိုင်တို့နှစ်ယောက် ဘုရား ခုံအောင်ဖူးပြီး...ပြင်ဦးလွင်တက်ကြသည်။

"အခုကိစ္စကို ဘယ်လိုထင်လဲ ကိုတိုက်မောင်း၊ ကျုပ် တော့စိတ်ထဲမှာ သိပ်ပြီး မသင်္ကာချင်ဘူး"

"သိပ်သေချာတာပေါ့ အိုင်ပီ...တရားခံကတော့ခြေ လက်နတွေ ဖျောက်ထားတယ်။ သိပ်လည်းပိရိလွန်းတယ် အိုင်ပီ"

"တရားခံက ဒေါက်တာအုတ်လှငယ်လား…ဒါမှမဟုတ် သူ့သမီးနဲ့ နောက်ထပ်တစ်ယောက်ယောက်များလား"

"သူ့မှာ သမီးတစ်ယောက်ပဲရှိတယ်။ အဲဒီမိန်းကလေးက မက်ထရစ် အောင်ပြီးသား…။သူတို့နဲ့ အတူနေတဲ့ ငမဲကြီးတို့ လင်မယားနှစ်ယောက်ကလည်း ဒီလောက်ဉာဏ်မပြေးဘူးအိုင်ဗီ"

"ဒါဆို ဒါတွေအားလုံးကို ဒေါက်တာအုတ်လှငယ်က သေချာအကွက်ချ စီစဉ်ပြီး လုပ်ခဲ့တာမျိုးပေါ့ ဟုတ်လား ကိုတိုက်မောင်း"

ဒေါက်တာအုတ်လှငယ် သေဆုံးတာကို မန္တလေးတစ်မြို့လုံး သိကြသည်။ ဆရာဝန်ကြီးတွေကလည်း သေချာစစ်ဆေးကြသည်။ လူသိရှင်ကြားပင် ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

"အုတ်ဂူကို ခြေရာမပျက်တွေ့ခဲ့ရင်တော့ ဒီအဖြေက ရှင်းရှင်းလေးပဲ အိုင်ဗီ…အခုတော့ စဉ်းစားရကျပ်တယ်"

"ဒေါက်တာအုတ်လှငယ် တကယ်သေခဲ့တာ မဟုတ်လား"

"အဲဒီလို တစ်ထစ်ချပြောဖို့လဲခက်နေတယ်။ ဒီလူက အမြဲ



မ်းသပ်ပြီး အထူးအဆန်းလုပ်ချင်နေတဲ့သူ ဒါကတစ်ချက်၊ အများသူငါမြှုပ်တဲ့ သုသာန်မှာမမြှုပ်ဘူး…ဖျက်သိမ်းတော့ခါနီး သုသာန်ကိုမှ ရွေးပြီးမြှုပ်တယ်။ စဉ်းစားစရာတွေက အများကြီးပဲ"

"ဒါဆိုလဲ…ခြေရာပျောက်လစ်ထွက်သွားတဲ့သူ့သမီး ကို သိလိုက် မသိဘာသာနဲ့ ဒီအတိုင်းထားလိုက်တာ ကောင်းတယ်။ သေသောသူကြာရင်မေ့ဆိုတဲ့ စကားအတိုင်း စောင့်ကြည့်ရမယ်"

"အင်းလေ…ဘာပဲပြောပြော သေသွားတဲ့ ဒေါက်တာ အုတ်လှငယ်ကတော့ စိတ်ဝင်စားအောင်လုပ်သွားခဲ့တယ်။ မင်းကြီး ဒီကိုတော့ အစီရင်ခံစာတင်ရမှာပဲ"

အားလုံးက ကြာရင်မေ့သွားနိုင်ပေမယ့် တရားဥပဒေ ကတော့ ဘယ်လောက်ကြာကြာ မေ့ထားမှာမဟုတ်ကြောင်း ကိုတော့ ဆားပုလင်းတိုက်မောင်း အသိဆုံးပဲဖြစ်၏။

ဇာတ်အလယ်


၁။ မာယာများတဲ့ လိပ်ပြာစံအိမ်

၂။ ဝိညာဉ်ကျော့ကွင်း သက်ဆင်းမိသူ

၃။ သေကံမရောက် အသက်မပျောက်

၄။ သွေးသောက်တဲ့စိန်လက်စွပ်

၅။ တစ်ကျော့ပြန်တွေ့ဆုံခြင်း

၆။ အဆောင်မှာနေတဲ့ လူတစ္ဆေ

# မာယာများတဲ့ လိပ်ပြာစံအိမ်

လော့ဟ်ကားသစ်တောကြိုးဝိုင်းသို့ စိုးသိန်းထွန်းရောက်ဖြစ်ခဲ့သည်။ မြန်မာပြည်၏ ရတနာတစ်ပါးဖြစ်သော ဆင်များကို အင်္ဂလန်သို့လက်ဆောင်အဖြစ် ပေးပို့ရမည်။ ထိုဆင်များ၏ ကျန်းမာရေးကို စစ်ဆေးမည့် ဆရာဝန်များ အဖွဲ့နှင့်လိုက်ပါသွားခဲ့ခြင်းဖြစ်သည်။

ဖခင်ဖြစ်သူက တိရစ္ဆာန်ကုဆရာဝန်ကြီး တစ်ယောက်၊ စိုးသိန်းထွန်းကလည်း ရုက္ခဗေဒ ဘာသာရပ်သို့ လေ့လာဆည်းပူးနေသော ရန်ကုန်တက္ကသိုလ်ကျောင်းသားတစ်ဦး ရန်ကုန်နှင့် မလှမ်းမကမ်းမှာရှိနေသော သစ်တောကြိုးဝိုင်းသို့ ဗဟုသုတရစေရန်အတွက် ဖခင်ဖြစ်သူကလည်း လိုလိုချင်ချင် ခေါ်လာခဲ့သည်။

"ကဲ...သားရေ...ဒယ်ဒီတို့အဖွဲ့ကတော့...ဆင်တွေ ကို

ကြည့်ရမှာပဲ တောပစ်ထွက်ဖြစ်မှာ မဟုတ်ဘူး။ ဒီနေ့ချင်းပဲ ရန်ကုန်ပြန်ရမှာလေ…"

ပထမအစီအစဉ်မှာ တစ်ညအိပ် နှစ်ရက်ခရီးဖြစ်သည်။ ဆင်များ၏ ကျန်းမာရေးကို စစ်ဆေးပြီးသည်နှင့် ဖခင်ဖြစ်သူတို့အဖွဲ့နှင့် တောပစ်ထွက်ဖို့ဖြစ်သည်။

"ဒါဆိုရင်တော့…သစ်တောကြီးဝိုင်းကို ရောက်ရုံရောက်ပြီး နှံ့နှံ့စပ်စပ်မလေ့လာရတော့ဘူး…

ဒီလိုမှန်းသိရင် သီတင်းကျွတ်ကျောင်းပိတ်ရက်ကို ဒီလိုခရီးစဉ်မျိုးနဲ့ အချိန်မဖြုန်းပါဘူး၊ အခုတော့ ဒီကိုလဲရောက်ပြန် ရန်ကုန်ဝင်တော့လဲ သန်းခေါင်ကျော်ဆိုတော့… ဟိုမရောက် ဒီမရောက်ဖြစ်ပြီ ဒယ်ဒီ"

"ဒယ်ဒီတို့ အချိန်မရလို့ တောပစ်မထွက်ဖြစ်ပေမယ့် သားအတွက်တော့ သီးခြား စီစဉ်ပေးထားပါတယ်…"

ကွမ်းယာကို နီရဲအောင်စားထားသော ဖထီးဆိုသည့် ကရင်အဘိုးကြီးက စိုးသိန်းထွန်းကို ပြုံးပြသည်။

"ဘာအစီအစဉ်များလဲ ဒယ်ဒီ"



"ဖထီးက ဒီသစ်တောကြီးဝိုင်းရဲ့ မုဆိုးကျော်တစ်ယောက်ပဲ။ သိပ်ဝေးဝေးလံမဟုတ်ဘဲ…ဒီအနီးအနားပတ်ဝန်းကျင်ကို ဖထီးနဲ့ လိုက်ကြည့်ပေါ့ ဟုတ်ပြီလား…သား"

ဒီလောက်အခွင့်အရေးရရင် မဆိုးဘူး။ ကျောင်းပြန်အဖွင့်မှာ ရှားပါးသော ပန်းတွေအကြောင်း၊ လိပ်ပြာမျိုးစိတ်တွေအကြောင်းကို သူငယ်ချင်းများအား ပြန်ကြွားနိုင်သည်ဟု စိုးသိန်းထွန်း တွေးမိ၏။

ရှုရှ

"ကောင်လေးက ပန်းပွင့်တွေ လိပ်ပြာတွေကို လေ့လာနေ
တဲ့ တက္ကသိုလ်ကျောင်းသားဆို"

ဖထီးဆိုသူက ကြားသမျှသိသမျှဖြင့် ရိုးသားစွာ မိတ်ဆက်
စကားဆိုသည်။ ရုက္ခဗေဒ ဘာသာရပ်ကို ကြီးကျယ်ခမ်းနားစွာ
ဒီနေရာမျိုးမှာ ဖွင့်ဆိုပြနေလို့ မဖြစ်မှန်းသိသည်။ ဖထီးကို ရှင်းမပြ
တော့ဘဲ -

"ဟုတ်ပါတယ် ဖထီး ပန်းပွင့်တွေလို့ အလွယ်ဝ ကူ
ပြောပေမယ့် ရှားပါးတဲ့ သစ်ခွတွေရယ်၊ လိပ်ပြာတွေရယ်လို့
မြင်ဖူး တွေ့ဖူးချင်တာပါ"

"ဒါဆိုရင်တော့ အထွေအထူး လျှောက်ကြည့်နေစရာ



မလိုပါဘူး တောထဲကိုနှစ်ယောက်တည်း သွားရတာ ဖျင်းဖို့
ကောင်း ပါတယ်"

တောထဲတောင်ထဲကို ရောက်ချင်သူကို ဖထီးကပြုံးစလွယ်
ပြောနေ၏။ အထင်နှင့်အမြင်လွဲပြီး စိတ်တိုင်းမကျသော ခရီးစဉ်
ဖြစ်ဖို့များနေပြီဟု အောက်မေ့ဖြစ်သည်။

"ကျွန်တော်က တော်တောင်ရဲ့လျှို့ဝှက်နက်နဲမှုကို ကိုယ်
တိုင်မြင်ချင်တာ တောတွင်းက လိပ်ပြာတွေ၊ ပန်းပွင့်မျိုးစုံကို
သိတွေ့ချင်တာ ဖထီး"

"တောလည်တယ်ဆိုတာ...သားကောင်ပစ်တဲ့သူတွေ
အတွက်ပဲကောင်းတာကောင်လေး... ပြီးတော့ လူအများကြီးနဲ့
လက်နက်ကိုယ်စီနဲ့သွားရတာလေ။ ဆရာဝန်ကြီးတို့ ဒီကိုရောက်
တိုင်း တောပစ်ထွက်ကြတယ်။ မိုးချုပ်ခါနီးမှ ဒီစခန်းကိုပြန်ဝင်
တာ။ ရလာတဲ့သားကောင်တွေကို ချက်ပြုတ်စားကြတာ ပျော်
စရာကြီးပဲ...။ဒီတစ်ခေါက်တော့ စခန်းကို မျက်နှာဖြူလူကြီး
တွေပါ ရောက်နေတော့ ဆရာဝန်ကြီးတို့အတွက် အချိန်မရဘူး
လေ။ ပြီးတော့ ညနေမစောင်းခင် ရန်ကုန်ပြန်ကြမှာ မဟုတ်

လား"

"ဒါပေမယ့် တောရဲ့သဘာဝကိုတော့ မြည်းစမ်းကြည့်ချင်တယ်…လိပ်ပြာတွေ၊ သစ်ခွတွေကို မြင်ချင်တွေ့ချင်တယ်"

"ဒါကြောင့်ပဲ ကောင်လေးကို 'လိပ်ပြာစံအိမ်' ဆီကို ဖထီးခေါ်လာတာပေါ့"

ကရင်အဘိုးကြီး၏ စကားကြောင့် နားမလည်သလို ဖြစ်သွား၏။ လိပ်ပြာစံအိမ်ဆိုသော အမည်ကြောင့်လည်း စိတ်ဝင်စားသွားသည်။

"လိပ်ပြာစံအိမ် ဟုတ်လား ဖထီး"

"ဟုတ်တယ် ကောင်လေး"

သစ်တောဝင်းထဲမှ ဖထီးနှင့် နှစ်ယောက်ထွက်ခဲ့သည်။ ဖထီး၏စကားတွေ ဦးတည်လျှောက်နေသော ခြေလှမ်းတွေအရ တောထဲတောင်ထဲ မရောက်ဘူးဆိုတာကို သိနေသည်။

သူတို့လာခဲ့ရာ လမ်းအတိုင်းသွားပြီး ဝဲဘက်သို့ချိုးဝင်၏။

"လိပ်ပြာစံအိမ် ဆိုတာက ဘာလဲဖထီး"

"ကောင်လေး တွေ့ချင်မြင်ချင်တဲ့ တောထဲတောင်ထဲက



သစ်ခွတွေ မျိုးစုံရှိတယ်။ လိပ်ပြာတွေကလည်း မျိုးစုံရှိတယ်။ တောထဲတောင်ထဲမှာဆို လိပ်ပြာတွေ သစ်ခွတွေကို ခြေတိုအောင် လျှောက်ကြည့်နေရဦးမယ်။ လိပ်ပြာစံအိမ်ထဲ ရောက်သွားရင် ကောင်လေးသဘောကျသွားမှာပါ"

ဒီနေရာဒီဒေသကို သူကိုယ်တိုင်က မကျွမ်းကျင်မနှံ့စပ်၊ ဖထီးပြောသမျှကိုသာ နားထောင်ရုံရှိ၏။

"နေပါဦး ဖထီး အဲဒီလိပ်ပြာစံအိမ်ဆိုတာကို သည်တောဒွှနက ပိုင်တာလား…သစ်တောဌာနကပဲ ပြုပြင်ဖန်တီးထားတာလား"

"မဟုတ်ဘူး ကောင်လေး လိပ်ပြာစံအိမ်ရဲ့ မူလပိုင်ရှင် လိပ်ပြာစံအိမ်ဖန်တီးတဲ့သူဟာ ကောင်လေးတို့သင်တဲ့ကျောင်းစာကို စိတ်ဝင်စားတဲ့ မစ္စတာဗွိုက်တို့၏ဇနီးမောင်နှံပဲ…"

ဖထီးကိုတော့ လျှော့တွက်လို့မရပေ။ လူ့လောကမှာ သူသိတာတွေ အများကြီးရှိသေးတယ်ဆိုသော အချက်ကို စိုးသိန်းထွန်း သတိရမိ၏။

❧❧

"လှမ်းကြည့်လိုက်စမ်း ကောင်လေး…အဲဒါ မစ္စတာပိုက်
ရဲ့ လိပ်ပြာစံအိမ်ပဲ…"

ကုန်းမြင့်ပေါ်မှနေပြီး…ဖထီးညွှန်ပြရာသို့ လှမ်းကြ
မိသည်။ ကုန်းမြင့်နှစ်ခုကြားမှာ တည်ရှိနေသော ဥယျာဉ်ကိုမြ
၏။ ဥယျာဉ်အလယ်မှာ တည်ရှိနေသော အစိမ်းရောင် အဆောင်
အအုံတစ်ခု။

"လိပ်ပြာစံအိမ်ကနေ လွင့်တက်လာတဲ့ရနံ့ကို အားပ
တရှုရှုလိုက်ကောင်လေး"

ဖထီးပြောသည့်အတိုင်း လိုက်လုပ်မိသည်။

လေပြည်ထဲမှာ ပန်းရနံ့တွေ အလိပ်လိုက် အထွေးလိုက်



လွင့်စီးမျောနေသည်။

ပန်းပေါင်းစုံ၏ ရနံ့ကြောင့် စိတ်တို့လန်းဆန်းရွှင်မြူးသွား
တော့သည်။

"ဟုတ်ပါရဲ့ ဖထီးရယ် ကျွန်တော့်ဘဝမှာ ပထမဆုံး
ရှိုက်မိတဲ့ ပန်းရနံ့ပါပဲ"

"အဲဒါကြောင့် ဒီနေရာဆီခေါ်လာတာပေါ့ ကောင်လေး၊
လိပ်ပြာစံအိမ်ထဲရောက်ခဲ့ရင် ဒီထက်ပိုပြီး အံ့မခန်းဖြစ်လိမ့် ဦး
မယ်။ ဒီတောဒီတောင်တစ်ပိုက်မှာရှိတဲ့ ထူးဆန်းတဲ့အပင်တွေ
ပန်းတွေ၊ သစ်ခွမျိုးတွေအားလုံးနီးပါးလိုလို လိပ်ပြာစံအိမ်မှာ
ရှိတယ်။ လိပ်ပြာတွေလဲ ဒီအတိုင်းပဲ ဒါတွေအားလုံးကို နှစ်ပေါင်း
များစွာ ရှာဖွေမှတ်တမ်းတင်ပြရင်း မစ္စတာပိုက် စုဆောင်းခဲ့
တာလေ…"

"မစ္စတာပိုက်က ဘာလို့များ ပန်းပင်တွေ၊ သစ်ခွတွေ၊
လိပ်ပြာတွေကို စိတ်ဝင်တစား စုဆောင်းခဲ့တာလဲ…အခုရော
သူဘယ်မှာလဲ အဲဒီမှာ ဘယ်သူတွေဆက်ပြီး ထိန်းသိမ်းထားလဲ"

သိချင်စိတ်တွေများသလို မေးခွန်းတွေကလည်း များနေ

သည်။ ဖထီးကလည်း စိုးသိန်းထွန်း သိလိုသမျှကိုဖြေ၏။

"တကယ်တော့ မစ္စတာပွိုက်ဟာ ရုက္ခဗေဒပညာရှင် တစ်ယောက်ပဲ အထူးသဖြင့် ပန်းပွင့်တွေ၊ သစ်ခွတွေနဲ့ လိပ်ပြာတွေ အကြောင်းကို ဖထီးကိုသုတေသနပြုခဲ့တဲ့သူပဲ။ လိပ်ပြာစံအိမ် အဝန်းပိုင်းကလဲ ဖထီးတို့ဘိုးစဉ်ဘောင်ဆက်ကတည်းက ဒဏ္ဍာရီပုံပြင်တွေ အများကြီးရှိခဲ့တယ်။ လိပ်ပြာစံအိမ် မဖြစ်ခင်ကတည်းက အဲဒီအဝန်းပိုင်းလေးက လူတွေစိတ်ကိုသာယာကြည်နူးပေးသလို ဒုက္ခတွေပေးခဲ့တယ်။ ကျိန်စာသင့်တဲ့ မမြင်နိုင်တဲ့ ဝိညာဉ်တွေပျော်မြူးဟဲ့ အဝန်းပိုင်းတစ်ခုဖြစ်ခဲ့တယ်"

လိပ်ပြာစံအိမ် အကြောင်းက စိတ်ဝင်စားစရာကောင်း၏။ ဖထီးကလည်း စိုးသိန်းထွန်း စွဲစွဲလမ်းလမ်းဖြစ်အောင် ပုံပြောကောင်းသူပင်။

"မစ္စတာပွိုက်က သူ့လုပ်ငန်းတွေလုပ်ဖို့ ဒီအဝန်းပိုင်းလေးကို ကိုယ်ပိုင်ဝယ်ယူလိုက်တယ်။ ဖထီးသိသလောက်ဆိုရင် သူတို့လင်မယား ဒီမှာ ဆယ်နှစ်ဆယ်မိုးလောက် ကြာအောင် လိပ်ပြာစံအိမ်ကို ပြုပြင်ဖန်တီးခဲ့ကြတာပဲ…။ တစ်ခါတလေ သူတို့ နိုင်ငံကို



ပြန်တတ်တယ်။ အဲဒီအခါမှာ ဖထီးကလိပ်ပြာစံအိမ် ကိုစောင့်ရှောက်ပေးရတာ။ လိပ်ပြာစံအိမ်နဲ့ပတ်သက်ပြီး ဖထီးကိုယ်တိုင်ရော အခြားသူတွေပါ အံ့ဩစရာ၊ ထိတ်လန့်စရာတွေကြုံခဲ့ကြတယ်။ဒါတွေကို ပြောရရင် ဆုံးနိုင်မှာ မဟုတ်ဘူး။ ဒီထဲကမစ္စတာပွိုက်ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကတော့ သူ့အတွက်ရော ကြားရမြင်ရတဲ့သူတွေအတွက်ပါ ထိတ်လန့်ချောက်ချားကြရတဲ့ အဖြစ်ပဲ…"

အတိတ်ကို ပြန်ပြောရင်း ဖထီးကိုယ်တိုင် မျက်ရည်တွေလာသည်ထင်၏။

"ပြောပါဦး ဖထီး၊ ဘာများဖြစ်ခဲ့လို့လဲ"

"သူစုဆောင်းရှာဖွေထားတဲ့ သစ်ခွအမျိုးအစားတွေထဲမှာ လူ့အသက်ကို သေနိုင်တဲ့သစ်ခွတစ်မျိုးပါနေတယ်"

"ဟင် ဘယ်လို ဖထီး"

"သူနဲ့အတူ သစ်ခွတွေကို မှတ်တမ်းတင်ရင်း သူမျက်စိရှေ့မှာ သူ့ဇနီးဆုံးသွားတယ်။ သစ်ခွပွင့်ကို အားပါးတရ နမ်းရှိုက်ရင်းဆုံးသွားခဲ့တာပဲ"

"အဲဒီသစ်ခွအမျိုးအစားရဲ့ နာမည်ကို ဖထီးသိလား"

"ဟင့်အင်း ဖထီးမှ မဟုတ်ဘူး…မစ္စတာဝိုက်လည်း မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သစ်ခွအမျိုးအစားတွေက အများကြီးပဲလေ…။ အပွင့်တိုင်းကို လိုက်နမ်းကြည့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မစ္စတာဝိုက်စုဆောင်းရှာဖွေထားတဲ့ သစ်ခွတွေထဲမှာ အပွင့်ကိုနမ်းရှိုက်မိရင် သေစေနိုင်တဲ့ သစ်ခွတစ်မျိုးရှိနေတယ်"

"အခုအချိန်ထိရှိနေမှာပေါ့နော်"

"ဟုတ်တယ် ကောင်လေး၊ လိပ်ပြာစံအိမ်ထဲရောက်ရင် သစ်ခွပွင့်တွေကို မနမ်းရှိုက်မိဖို့ အရေးကြီးတယ်။ ကိုယ်နမ်းမိတဲ့ သစ်ခွပွင့်က မတော်တဆကိုယ့်အသက်ကို ခြွေမယ့် အဆိပ်ပန်းဖြစ်နေရင် ဘယ်နှယ့်လုပ်မတုံး"

ဖထီးစကားကြောင့်ပင် လူကိုသေစေနိုင်သော ရနံ့ရှိသည့် သစ်ခွမျိုးကို စိတ်ဝင်စားမိသည်။

"နေဦး ဖထီး အဲဒီမှာ လိပ်ပြာမျိုးစုံရှိနေတာမဟုတ်လား လူကိုတောင် သေနိုင်သေးတာပဲ…၊ အဲဒီသစ်ခွပွင့်ရဲ့ ဝတ်ရည်ကိုစုပ်တဲ့ နေရာမှာ လိပ်ပြာသေတွေ တော်တော်များများရှိနေ



မှာပဲ အဲဒီနည်းနဲ့ရော လူကိုသေစေနိုင်တဲ့ သစ်ခွမျိုးကို ရှာဖွေဖော်ထုတ်လို့ မရနိုင်ဘူးလား"

စိုးသိန်းထွန်းက သူ့ဉာဏ်မီသရွေ့ စဉ်းစားပြီး ဆရာကြီးလုပ်လိုက်၏။

ဖထီးက ပြုံးလိုက်ပြီးမှ-

"မင်းစဉ်းစားသလို သူ့ဇနီးဆုံးပြီးနောက်ပိုင်းရက်ပေါင်းများစွာ မစ္စတာဝိုက် စောင့်ကြည့်တယ်။ ခက်တာက အဲဒီအပွင့်ကို တိရစ္ဆာန်တွေက သိတယ်။ လုံးဝ ဝတ်ရည်မစုပ်ဘူး။ မင်းပဲစဉ်းစားကြည့် သစ်ခွပင်တွေက အများကြီးရှိနေတာ လိပ်ပြာတွေကလည်း အများကြီးပဲ၊ ဘယ်လောက်ကြာကြာ စောင့်ကြည့်နိုင်မလဲ နောက်ဆုံးမစ္စတာဝိုက်လည်း လက်လျှော့ပြီး လိပ်ပြာစံအိမ်ကို ရောင်းပစ်လိုက်တယ်။ သူကိုယ်တိုင်လည်း သူစိတ်ဝင်စားလွန်းတဲ့ သစ်ခွတွေကြောင့် ကြောင်တောင်တောင်ဖြစ်ပြီး သူတို့နိုင်ငံမှာ ဆေးဝါးကုသရတဲ့အထိ ဖြစ်ခဲ့တာပဲ…"

လူကိုသေစေနိုင်သည့် သစ်ခွမျိုးနှင့်ပတ်သက်ပြီး စိုးသိန်းထွန်း စိတ်ထဲ မကျေမနပ်ဖြစ်နေ၏။

"ဒါဆိုလဲ ဖထီးရာ မစ္စတာဗွိုက်နဲ့ဇနီးက ဘယ်လိုပုံစံနဲ့ သေတာတုန်း။ သစ်ခွကိုနမ်းမိပြီး အဲဒီနေရာမှာတင် လဲကျသေဆုံးတာလား။ ဒါဆိုရင် အဲဒီအနီးနားက သစ်ခွပင်တွေကို စစ်ဆေးကြည့်လိုက်ရင် အဖြေထွက်လာမှာပဲ…မစ္စတာဗွိုက် အဲဒီလို လုပ်ဖို့ စိတ်ကူးမပေါ်ခဲ့တာများလား"

"မဟုတ်ဘူး ကောင်လေး၊ သစ်ခွပွင့်ကိုနမ်းမိပြီး ချက်ချင်း လဲကျသေဆုံးတာမျိုးမဟုတ်ဘူး။ သစ်ခွပွင့်ကို နမ်းမိပြီး ခေါင်းထဲမှာရီဝေဝေဖြစ်တယ် ပြီးမှ စိတ်တွေ ကစဥ့်ကလျားဖြစ်ခဲ့တာပဲ၊ အဲဒီအမျိုးသမီးကိုယ်တိုင် သစ်ခွပွင့်ကိုနမ်းလိုက်မိလို့ ဘာဖြစ်မှန်းမသိဘူးလို့ ပြောခဲ့တယ်။ ဒါကြောင့်သစ်ခွကြောင့် ဆိုတာ သိတာပေါ့။ တဖြည်းဖြည်းနဲ့ အဆိပ်တက်လာသလို ဖြစ်တာ နာရီဝက်လောက်အထိ စကားပြောနိုင်သေးတယ်။ လမ်းလျှောက်နိုင်သေးတယ်။ နာရီဝက်ကျော်ပြီးမှ အရုပ်ကြိုးပြတ်ဖြစ်တာတဲ့။ ဆေးရုံကိုပို့ဖို့ ကြိုးစားတယ်။ လေးဆယ့်ငါးမိနစ်အထိ အသက်ရှင် နေနိုင်သေးတယ်လို့ မစ္စတာဗွိုက်ပြောတယ်။ ဒီအပွင့်ကို နမ်းမိပြီး သေမယ်လို့ သိနေရင်တော့…ဘယ်နားက



အပင်လဲလို့သူ့မိန်းမ ကိုမေးမှာပေါ့ အဲဒီအချိန်မှာ ဒီကိစ္စကို ဘယ်သတိရနိုင်ပါ့မလဲ ကောင်လေးရာ"

လိပ်ပြာစံအိမ်နှင့်ပတ်သက်ပြီး ဖထီးက ထဲထဲဝင်ဝင်သိနေ၏။ စိုးသိန်းထွန်းစိတ်ကို စမ်းသည့်အနေဖြင့် ကောက်ကာငင်ကာ ဖထီး မေးခွန်းထုတ်လိုက်၏။

"ဘယ်လိုလဲ ကောင်လေး…လူသတ်တဲ့သစ်ခွအကြောင်းကိုကြားပြီး လိပ်ပြာစံအိမ်ကို သွားချင်စိတ်ရောရှိသေးရဲ့လား။ တော်တော်များများကတော့ ဒီအကြောင်းကို သိတာနဲ့ လှည့်ပြန်ကြတာများတယ်။ ဒီကိုမရောက်ဖူးတဲ့ လူတွေအတွက် ဒီအကြောင်းကို မဖြစ်မနေပြောပြရတယ်လေ"

"ကျွန်တော်ကတော့ လုံးဝလှည့်ပြန်မယ့်လူစားမျိုး မဟုတ်ဘူး ပိုလို့တောင် စိတ်ဝင်စားတယ်။ မြန်မြန်ရောက် အောင် ပြေးပြီး သွားလိုက်ချင်သေးတယ်"

"မင်းရဲ့သတ္တိနဲ့စူးစမ်းတဲ့စိတ်ကိုတော့ အမှတ်ပြည့်ပေးတယ်။ ဟိုရောက်ရင် သစ်ခွပွင့်တွေကို မနမ်းမိဖို့တော့ အရေးကြီးတယ်နော်…"

"အန္တရာယ်ဖြစ်မယ်မှန်း သိသိကြီးနဲ့တော့ ကျွန်တော် အသက်ကိုမရင်းပါဘူး ဖထီး။ ဒါနဲ့ အဲဒီမှာ လူတွေရောနေ သေးလား"

"နေတာပေါ့ မစ္စတာပွိုက်နောက်ပိုင်း…အခုနေကြတဲ့ သူတွေက ခုနစ်ယောက်မြောက်ပိုင်ရှင်ပဲ…နှစ်နှစ်အတွင်းမှာ ပိုင်ရှင်ငါးယောက် ပြောင်းသွားတယ်။ အဲဒီငါးယောက်စလုံးနဲ့ ဖထီး မရင်းနှီးဖြစ်ဘူး၊ အခုလူတွေနေတာတစ်နှစ်ကျော်ပြီ အခု လူတွေနဲ့တော့ ဖထီးရင်းနှီးနေတယ်။ ဒါကြောင့် လေ့လာဖို့ ခေါ်ခဲ့ တာပေါ့ ကောင်လေး"

စကားတပြောပြောနဲ့ လိပ်ပြာစံအိမ်များသို့ ချဉ်းကပ်ရောက် ရှိလာသည်။ ပန်းပေါင်းစုံရနံ့က ပိုပြီးမွှေးပျံ့နေသည်။ အဝေးမှ မြင်ရသည်ထက် ပိုပြီးတင့်တယ်နေသည့် မနမ်းရှိုက်ဖြစ်ဘဲ မွှေး နေသော ပန်းရနံ့တွေထဲမှာ လူကိုသေစေနိုင်သော ရနံ့တစ်ခုပါ နေပါလားဟု တွေးဖြစ်လိုက်သေး၏။

# ဝိညာဉ်ကျော့ကွင်း သက်ဆင်းမိသူ

လိပ်ပြာစံအိမ်စည်းရိုးထဲသို့ ဝင်လိုက်သည်နှင့် စိုးသိန်းထွန်း ကြက်သီးဖြန်းခနဲ ဖြစ်သွားသည်။

ဒီအဖြစ်ကို အတူပါလာသူ ဖထီးပင် သတိထားဖြစ်သည်။

“ဘာဖြစ်တာလဲ ကောင်လေး”

“ဘာမှမဖြစ်ပါဘူး ဖထီးရာ၊ ကျွန်တော်သွေးရဲပါတယ်”

ဖထီးစပ်စုသည့်အတွက် စိုးသိန်းထွန်း ရယ်ကျဲကျဲလုပ်လိုက်ရသည်။ ဖထီးကတော့ တံခါးမရှိဓားမရှိ ဝင်ထွက်တာများနေပုံရသည်။ ဘာကြောင့်ရယ်တော့မသိ သတိထားရင်းကပင် စိုးသိန်းထွန်းစိတ်တွေ တစ်ချက်တစ်ချက်မှာ လွတ်ချင်သလို ဖြစ်သွား၏။

"ဖထီးတစ်ယောက်အခုမှပဲ ပေါ်တော်မူတယ်နော်..."

သန်မာထွားကျိုင်းပြီး အညာသားရုပ် ပေါက်နေသော လူကြီးကို ဘွားခနဲတွေ့လိုက်ရသည်။

အညာသားကြီးက စိုးသွန်းထွန်းကို ဂရုမထား။ ဖထီးကိုသာ ခရီးဦးကြိုနှုတ်ဆက်သည်။ ဖထီးကလည်း ချက်ချင်းဆိုသလို ခွန်းတုံ့ပြန်သည်။

"ငါလည်း အလုပ်တွေများနေလို့၊ ဒီဘက်ကိုမရောက်ဖြစ်ဘူး၊ အခုတောင် ဒီကမိတ်ဆွေလေးကို ရောက်ဖူးအောင် လိုက်ပို့ရင်း ရောက်ဖြစ်တာလေ..."

"ဖထီးရဲ့မိတ်ဆွေက ချာတိတ်ပဲ သူကဘယ်သူတုံး ဘယ်ကတုံး"

ဂရုထားတော့လည်း စားတော့မလိုဝါးတော့မလို ဖြစ်နေပြန်၏။

"ငါ့မိတ်ဆွေ ဆရာဝန်ကြီးရဲ့သားပဲ ရန်ကုန်က လာတာ သူကတက္ကသိုလ်ကျောင်းသားပဲ သစ်ခွတွေနဲ့လိပ်ပြာတွေကို လေ့လာချင်တယ်ဆိုတာနဲ့ ခေါ်လာခဲ့တာ"



"လိပ်ပြာစံအိမ်ရဲ့ အရေးကြီးဆုံး အချက်ကို ဒီချာတိတ် သိရဲ့လား"

စူးစူးရဲရဲအကြည့်ဖြင့် မေးလိုက်သည်။ ဖထီးအပြောကို စောင့်မနေဘဲ စိုးသိန်းထွန်း ဖြေလိုက်သည်။

"နမ်းရှိုက်မိရင်လူကိုသေစေတဲ့ သစ်ခွမျိုးရှိတယ်ဆိုတာကို ကျွန်တော်သိပါတယ်"

"ပန်းပွင့်တွေ၊ လိပ်ပြာတွေကို စိတ်ဝင်စားတာက တစ်ပိုင်းပေါ့၊ သစ်ခွပွင့်မှ မဟုတ်ဘူး။ ဘယ်ပန်းပွင့်ကိုမှ မနမ်းမိစေနဲ့ အဲဒါနံပါတ်တစ်အရေးကြီးဆုံးပဲ"

"ငါသေသေချာချာရှင်းပြပြီးမှ ခေါ်လာခဲ့တာ တော်ရုံလူက ဒီအကြောင်းကိုသိရင် လှည့်ပြန်ကြတာများတယ်။ ဒီကောင်လေးက တကယ့်အာဂသတ္တိခဲလေးပဲ..."

စိုးသိန်းထွန်းအတွက် ဖထီးကဝင်ပြီး ထောက်ခံချက်ပေး၏။ အညာသားကြီးက မတတ်သာ၍သာ လေ့လာခွင့်ပေးချင်သည့် ဟန်မျိုး ပေါက်နေသည်။

"သတိထားရမယ့် ဒုတိယအချက်ရှိသေးတယ်"

"ဘာများပါလိမ့်"

နိုးသိန်းထွန်းတင် မကပဲ ဖထီးကပါ သိချင်ပုံရသည်။ အညာသားကြီးကလည်း စကားကို ခပ်ပြတ်ပြတ်ပြော၏။

"တစ်အချက် ဘယ်ပန်းကိုမှ မနမ်းမိစေနဲ့၊ နှစ်အချက် အဆောက်အအုံနားကို ယောင်လို့တောင် မကပ်မိစေနဲ့၊ အဲဒီ အချက်နှစ်ချက်ကို လိုက်နာမယ်ဆိုရင် မောင်ရင် စိတ်တိုင်းကျ လှေ့လာနိုင်တယ်"

ပြောတတ်သလိုမျိုးပြောတာ ဖြစ်နိုင်ပေမယ့် နားထဲမှာ ကန့်လန့်ကြီးဖြစ်နေသည်။

အတွန့်တက်သည့် အနေဖြင့် စိုးသိန်းထွန်းချက်ချင်း ပြန်မေးလိုက်သည်။

"ကျွန်တော့်မှာ ကင်မရာပါလာတယ်။ ဓာတ်ပုံရိုက်ခွင့် ပြုမှာလား…သစ်ခွတွေ၊ လိပ်ပြာတွေကို မှတ်တမ်းတင်ချင်လို့ပါ"

"ရတယ် ငါပြောတဲ့ အချက်နှစ်ချက်ကိုသာ မကျူးလွန်မိစေနဲ့ ကျန်တာတွေက သိပ်အရေးမကြီးဘူး"



အညာသားကြီးဆီမှ ခွင့်ပြုချက်ရပြီးချိန်မှာ လူနေအဆောက်အအုံဆီသို့ ဖြတ်ခနဲ အကြည့်ရောက်သည်။

အပေါ်ထပ်ပြတင်းတံခါးဝမှာ ရပ်ကြည့်နေသော လူရိပ်ကို တွေ့လိုက်မိသည်။

ဒုတိယတစ်ခါ သေချာပြန်ကြည့်တော့ ခန်းဆီးစ လှုပ်သမ်းနေတာကိုပဲ တွေ့ရသည်။

စိတ်ထင်လို့နေမှာပါဟု ဖြေတွေးတွေးပြီး ထွက်လာဖြစ်သည်။

လိပ်ပြာစံအိမ်၏ သာယာနာပျော်မှုက အဝိုင်းအဆမရှိ ဟု အောက်မေ့မိသည်။ ရှားပါးသော သစ်ခွပင်တွေစုံသည်၊ ပန်းမျိုးစုံတောထနေသည်။ သစ်ခွအမျိုးပေါင်းကလည်း ရေတွက်၍ မကုန်နိုင်အောင်ရှိသည်။

"ကြည့်စမ်းပါဦး ဘယ်လောက်များ စိတ်ကြည်နူးဖို့ကောင်းလိုက်သလဲ...ဒါပေမယ့် လျှို့ဝှက်မှုနဲ့ ထိတ်လန့်ဖွယ်ကောင်းတဲ့အချက်တွေလဲ ပြည့်နှက်နေပါလား"

သစ်ခွမျိုး လိပ်ပြာမျိုးတွေကို တတ်နိုင်သမျှ ဓာတ်ပုံရိုက်ရင်က စိုးသိန်းထွန်း ရေရွတ်မိသည်။

အမြင်အာရုံ၊ အနံ့အာရုံများ၏ ဖမ်းစားမှုက တဖြည်းဖြည်



နှင့်သိသာလာသည်။

စိတ်နှင့်ကိုယ်လွတ်သွားသလိုလို၊ အရမ်းပျော်ရွှင်သွားသလိုလို၊ အရမ်းဝမ်းနည်းနေသလိုလို ဆန့်ကျင်ဘက်တွေက ပေါ်လိုက်ပျောက်လိုက် ဖြစ်နေ၏။

"ဟင်"

လူနေအဆောက်အအုံဆီသို့ အကြည့်ရောက်သည်။ စောစောက မြင်တွေ့ခဲ့သောလူက ပြတင်းဝမှာ ထင်ထင်ရှားရှားကို ပ်ကြည့်နေ၏။ အဆောက်အအုံနားသို့ လုံးဝမကပ်မိစေဖို့ အညာသားကြီးက သတိပေးထားသည်။

သစ်ပင်တစ်ပင်ကို အကာအကွယ်ယူလိုက်သည်။ ပြတင်းပေါက်ဆီသို့ ကင်မရာချိန်လိုက်သည်။

"ဟာ အမလေး"

တယ်ရီဖြင့်ဆွဲယူကြည့်လိုက်သောအခါ ကြောက်မယ်ဖွယ်ကောင်းသော မျက်နှာနှင့် လူကို ပြတ်ပြတ်သားသား မြင်တွေ့လိုက်ရသည်။ ဆံပင်တွေက ဖွာလန်ကြဲနေ၏။ မျက်နှာတစ်ခုလုံးကလည်း ရစရာမရှိအောင် ရုပ်ပျက်နေသည်။

'ချောက်'

လိုရမယ်ရသဘောဖြင့် ကြောက်မက်ဖွယ်မျက်နှာကို ဓာတ်ပုံရိုက် ယူလိုက်သည်။ ဓာတ်ပုံရိုက်ပြီး ကင်မရာကို လွယ်လိုက်သည်။

"ဟာ…စောစောက မျက်နှာကြီးနဲ့လူ ဘယ်ရောက်သွားပါလိမ့်"

ဓာတ်ပုံဖလင်ပေါ်မှာတော့ စောစောကပုံရိပ်ကျန်ခဲ့သည်မှာ သေချာသည်။ အခုတော့ ဒီမျက်နှာကြီး မရှိတော့။ ခန်းဆီးစသာ လှုပ်ယမ်းကျန်ခဲ့သည်။

လိပ်ပြာစံအိမ်ကတော့ စိုးသိန်းထွန်းကို တစ်မျိုးပြီးတစ်မျိုး ဖမ်းစားနေ၏။

ရှားပါးသော လိပ်ပြာအုပ်စုကိုတွေ့ရပြန်သည်။ ဖလင်ကို ချွေတာပြီး…အကောင်းဆုံးအနေအထားကို စိတ်တိုင်းကျပြီဆိုမှ ရိုက်ယူလိုက်သည်။

လိပ်ပြာတွေဆီ အာရုံရောက်ရင်းကပင် လူကိုသေစေနိုင်သော ရုံ့ရှိသည့် သစ်ခွမျိုးဆီ စိတ်ရောက်သွားသည်။



ဒီအဝန်းထဲရှိ သစ်ခွတွေထဲမှာ သေချာပေါက်ရှိသည်။ ဘယ်အပင်က ဘယ်အပွင့်ဆိုတာကို ဘယ်သူမှ မသိနိုင်ဘဲ ဖြစ်နေသည်မဟုတ်လား"

"ဟာ"

စောစောကပြတင်းဆီသို့ လှမ်းကြည့်မိချိန်မှာ သူနှင့်ရွယ်တူ မိန်းကလေးတစ်ယောက်ကို မြင်လိုက်သည်။

မသိမသာနေလိုက်ရင်းက အကာအကွယ်တစ်ခုကို ရအောင် ယူကြည့်လိုက်သည်။

ပြတင်းဝမှာရပ်နေသော ကောင်မလေးအား ကင်မရာဖြင့် ချောင်းလိုက်သည်။

"အရမ်းအလှကြီး မဟုတ်ပေမယ့် ညိုချောမိန်းကလေးပါလား"

စောစောက ရုပ်ပျက်ဆင်းပျက်မျက်နှာကြီးကို ရိုက်ယူခဲ့သလို ညိုချောမိန်းကလေးကိုလည်း ဓာတ်ပုံရိုက်ဖြစ်၏။ ပြတင်းဝမှာ လာရပ်တာချင်းတူသည်။ မျက်နှာအနေအထားနှင့် အသွင်အပြင် ကွဲသည်။

ကင်မရာကို ပြန်လွယ်ထားလိုက်ပြီး လှမ်းကြည့်လိုက်တော့ ညှိချောလေးကို မမြင်ရတော့ပေ။ စောစောကလိုပဲ ခန်းဆီးစလေးသာ လှုပ်ယမ်းပြီး ကျန်ခဲ့။

သူ့စိတ်တွေ ထွေပြားပြီး မြင်ချင်တာတွေမြင်တာလည်း
စ်နိုင်သည်။ သေချာအောင်ဆိုပြီး ဖလင်နှစ်ကွက်စီ ရိုက်ယူခဲ့
ည်။ ဓာတ်ပုံကူးသောအခါ ပုံရိပ်ထင်မှာသေချာတယ်။ လျှောက်
ွားရင်း ဓာတ်ပုံရိုက်ယူရင်းကပင် အချိန်တွေကို မေ့သွားသည်။

ပတ်ဝန်းကျင်ကိုလည်း သတိမထားဖြစ်။ လူသေစေနိုင်
သာ သစ်ခွမျိုးကိုသာ တွေ့ချင်ဇောများနေသည်။ ပန်းတွေကို
မ်းဖို့ပဲမှာကြသည်။ မခူးရဘူးဟု မပြောကြ။ သူ့စိတ်ထဲမှာ
ရမ်းကို သင်္ကာမကင်းဖြစ်သော သစ်ခွငါးပွင့်လောက်ကိုသာ
ူးပြီးခူးသွားမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဟိုး…ဟိုး"

"ဟား…ဟား"

"ခစ်…ခစ်"

သစ်ခွတွေကို ခူးမည်ဟုစိတ်ကူးလိုက်သည်နှင့် နောက်
ဘက်ဆီမှ ရယ်သံတွေထွက်လာ၏။

"မိန်းကလေး တစ်ယောက်ရဲ့ ရယ်သံပါလား"

နားနှင့် ဆတ်ဆတ်ကြားသည်မို့ နောက်ကြောင်းပြန်လှည့်
ပြီး အပင်များကြားမှာ ရှာဖို့ကြိုးစားသည်။

"ဟာ"

"သေချာတယ် အဖြူရောင်ဝတ်စုံဝတ်ထားတဲ့ ညိုချော
လေးပဲ"

လိပ်ပြာစံအိမ်က တစ်မျိုးပြီးတစ်မျိုး ပဋ္ဌလက်ဆန်ဆ
ပြုစားနေသည်။ ဒီနေရာက သူ့နယ်မြေမဟုတ်တော့ ညိုချောလေ
ကို လက်ရဖမ်းမိဖို့ ခက်နေသည်။

"ဟော့"

"ဟင်"

သူက မြင်လိုက်သည့်နေရာကို ပြေးလိုက်သည်။ ညိုချေ
လေးက တခြားတစ်နေရာ ရောက်သွားသည်။ လိပ်ပြာစံ
ကောင်လိုပင် သစ်ခွတွေ ပန်းပင်တွေကြားမှာ ပေါ်ပါးဖျတ်လတ်



စွာ ကိုယ်ရောင်ဖျောက် ပြေးလွှားနိုင်လေသည်လား···။

"ဒီမှာကြည့်စမ်း"

ခပ်လှမ်းလှမ်းပန်းပင်တွေကြားမှ ပေါ်လာပြီး ကိုယ်ထင်ပြ
၏။ ဓာတ်ပုံရိုက်ယူဖြစ်ခဲ့သော ညိုချောလေးဆိုတာ ယုံမှား
သံသယ ဖြစ်ဖွယ်မရှိ။

"မင်းဘယ်သူလဲ ဒီလိပ်ပြာစံအိမ်က တစ်ယောက်
ယောက်လား"

"ဒါပေါ့ မိအောင်ဖမ်းနိုင်ရင်ဖမ်းလေ"

ညိုချောလေး စကားဆုံးသည်နှင့် ရောက်အောင်အပြေးသွား
သည်။ ပန်းပင်တွေ၊ သစ်ခွတွေကြားမှာပင် ပျောက်ဆုံးလို့သွား
ပြန်သည်။

သာမန်ဖြစ်ရပ်မျိုးမဟုတ်ဘူးဆိုတာကိုတော့ စိုးသိန်းထွန်း
သိလိုက်သည်။

"မင်းဘာလို့ အနီးကပ်ပြီး အတွေ့မခံရတာလဲ၊ ဒီဒေသ
က လူတွေက ဧည့်သည်ကိုဒီလိုပဲ အရူးလုပ်တတ်လား"

အရိပ်ယောင်ကို မမြင်ရ၍ အသံဖြင့်မခံချင်အောင် စိုးသိန်း

ထွန်း ပြောလိုက်သည်။

"ရှင့်ကို စချင်…နောက်ချင်လို့ပါ"

အနောက်ဘက်ဆီမှ အသံလာ၍ ချက်ချင်းလှည့်ကြည့်ဖြစ်သည်။ အလျှင်အခေါက်တွေထက် ပိုနီးလာသော နေရာမှာ ရပ်နေပြန်သည်။

"တို့က မင်းအတွက်ဆော့စရာ အရုပ်တစ်ရုပ်ဖြစ်နေလို့လား"

"အခုအချိန်လေးအတွင်းမှာတော့ ဟုတ်တယ်။ ကျွန်မကို မိအောင်ဖမ်းလေ။ ဖမ်းမိခဲ့ရင် ပန်းပေးတဲ့အနေနဲ့ သစ်ခွတစ်ပွင့် လက်ဆောင်ပေးမယ်။ အဲဒီသစ်ခွပွင့်က ရှင်အရမ်းမြင်ချင်တွေ့ချင်နေတဲ့ သစ်ခွမျိုးပဲ"

အားတက်သရောဖြစ်ပြီး ကြိုးစားဖမ်းလိုက်သည်။ ဒီတစ်ခါတော့ သူမ၏ အင်္ကျီစလေးကို အဖျားစွတ်ပြီး စိုးသိန်းထွန်း လှမ်းဆွဲမိသည်။

ညိုချောလေးက အတင်းရုန်းသည်။

စိုးသိန်းထွန်းကလည်း ခန္ဓာကိုယ်ကို ဖမ်းဆုပ်ကိုင်နိုင်



ရန်အတွက် အင်္ကျီစကို တစ်ရစ်ပြီးတစ်ရစ် တိုးပြီးဆွဲသည်။

"အဲဒီလို အဓမ္မလုပ်တာမျိုးကို ကျွန်မမကြိုက်ဘူး"

"မရဘူး မိန်းကလေး မင်းကို မိနေပြီလေ"

"ကျွန်မအသားကို ရှင်မှမထိသေးဘဲနဲ့ မိတယ်လို့ မသတ်မှတ်နိုင်ဘူး"

ညိုချောလေးစကားကြောင့်ပင် နောက်တစ်ရစ်တိုးပြီး အင်္ကျီစကို ဆွဲသည်။ မညှာမတာ အားကုန်သုံးလိုက်ရင်တော့ သေချာပေါက် သူ့ရင်ခွင်ထဲသို့ ညိုချောလေးရောက်လာမည်။ အခွင့်အရေးကို မြန်မြန်အသုံးချဖို့ ကြိုးစားလိုက်သည်။ ညိုချောလေးကလည်း မိမှာစိုး၍ အတင်းရုန်းသည်။

"ဟင်"

"ဟာ"

စိုးသိန်းထွန်းရော ညိုချောလေးပါ ပြိုင်တူရေရွတ်မိကြသည်။ မထင်မှတ်ဘဲ ကျင်းငယ်တစ်ခုထဲသို့ စိုးသိန်းထွန်း ညာခြေထောက် နယ်ကျွံသွားသည်။

စိုးသိန်းထွန်းမှောက်လျက်လဲမလို ဖြစ်သွားသည်။ ညိုချော

လေး၏ အကျီစလွှတ်ထွက်သွားတာကိုတော့ နောက်ဆုံးအနေဖြင့် ကောင်းကောင်းသိလိုက်သည်။

သစ်ခွပင်ပေါ်သို့ မှောက်ရက်လဲကျပြီး သစ်ခွပွင့်အား နမ်းမိပြီးသားဖြစ်သွားခဲ့သည်။

"အား"

ရုတ်တရက် ခံစားလိုက်ရသော ရှုံ့ကြောင့်ပင်၊ အလန့်တကြား စိုးသိန်းထွန်း အော်လိုက်နိုင်သည်။ အသံတွေကလည်း မကြားတစ်ချက်၊ ကြားတစ်ချက်။

"ဒုက္ခပါပဲ ကိုယ်ကျိုးနည်းတော့မယ်"

"သစ်ခွပန်းကို နမ်းလိုက်လို့ ဒီလိုဖြစ်တာ ကျွန်မပယောဂလဲ မကင်းဘူး"

ညိုချောလေးကပဲ သနစ္စမ်းနေတာမျိုးလား။ သူကိုယ်တိုင်ကပဲ ပေါ့ရွှတ်နေတာမျိုးလား ဟု စိုးသိန်းထွန်းဝေခွဲ၍မရ။ ညိုချောလေးက သူ့ခန္ဓာကိုယ်ကို ပွေ့လိုက်သည်။ ညိုချောလေး၏ အထိအတွေ့ကြောင့်ပင် စိုးသိန်းထွန်း၏အသိတွေ မေ့မြောသွားပြန်၏။

# သေကံမရောက်သက်မပျောက်

အုံ့ညြဖွယ် ညိုချောလေးကိုလက်မိဖမ်းရင်း သစ်ခွပွင့်ကို

းသိန်းထွန်း နမ်းမိခဲ့သည်။

သစ်ခွပွင့်၏ ရနံ့များကြောင့်ပင် ထူးဆန်းဖွယ်ရာတွေကို

းသိန်းထွန်း ကြုံခဲ့ရသည်။

သူ့ကိုယ်နှင့် သူ့ဝိညာဉ်မှာ တခြားစီဖြစ်နေတာကို စိုးသိန်း

ွန်းသိသည်။

ညိုချောလေးက သူ့ကိုအဆောက်အအုံအတွင်းသို့ စိုးရိမ်

ကြီး ခေါ်ခဲ့သည်။

အဆောက်အအုံထဲသို့ ရောက်သည်နှင့် မြေအောက်ခန်း

ဆီသို့ သူ့ကိုရအောင် သယ်သွားသည်ကို မြင်နေတွေ့နေရသည်။

ဖြစ်အပျက်တွေကို ကိုယ်တိုင်သိနေပေမယ့် ဝိုးတိုးဝါးတား…။

"တစ်ခုခုဖြစ်သွားရင်တော့ ဒုက္ခပါပဲ…ဆေးပုလင်းကို

ဘယ်မှာနေရာရွှေ့ထားလဲ မသိပါဘူး"

စိုးသိန်းထွန်း၏ ခန္ဓာကိုယ်ကို စားပွဲပေါ်မှာ တင်ထားပြီး ညိုချောလေး ပျာယာခတ်နေသည်။

စိုးသိန်းထွန်းကို ဒီအတိုင်းထားခဲ့ပြီး ညိုချောလေး ပြန်ထွက်သွားသည်။ ညိုချောလေးမှာ လူစင်စစ်ဖြစ်ပါစေဟု စိုးသိန်းထွန်း တွေးမိသည်။ ကိုယ်တိုင်က သစ်ခွရုံ့ကြောင့် စိတ်နှင့်ကိုယ်တခြား ဖြစ်နေသည် မဟုတ်လား။

သူ့ခန္ဓာကိုယ်ကြီး အသက်မဲ့နေပြီလား…သူ့ကိုယ်တိုင်က ဝိညာဉ်ဘဝကို ရောက်နေပြီလားဟု စိုးသိန်းထွန်း ချောက်ချား တုန်လှုပ်မိသည်။

ရှေ့လျှောက်ဘာတွေ ဆက်ဖြစ်ဦးမည်မသိ။ လိပ်ပြာ အိမ်ဆီသို့ အတူလာခဲ့သော ဖထီးတစ်ယောက် ဒီအဖြစ်ဆိုးတွေ ကို သိနိုင်ပါ့မလား။

"ဝုန်း"

"ဒိုင်း"

တံခါးဖွင့်သံကြောင့် လန့်သွားသည်။ သူ့ခန္ဓာကိုယ်ရှိရာသို့



လာနေသော ခြေလှမ်းများက ကြမ်းတမ်းလွန်းသည်။ ညိုချော လေး မဟုတ်တာကို စိုးသိန်းထွန်း သိနေပြန်သည်။

"ဟင်"

"အား"

စိုးသိန်းထွန်း ကြောက်လန့်တုန်လှုပ်ပြီး အော်ဟစ်ပေမယ့် အသံထွက်မလာပေ။ ကြောက်စရာကောင်းသည့် မျက်နှာနှင့် လူကြီးက စိုးသိန်းထွန်းအနီးမှာရောက်သည်။

"မင်းဘယ်လူလဲ"

စိုးသိန်းထွန်းကို စူးစူးရဲရဲကြည့်ပြီး ကြောက်မက်ဖွယ် ကောင်း သောအသံကြီးနှင့် မေးလိုက်သည်။

ခန္ဓာနှင့်ဝိညာဉ်တစ်ကွဲတစ်ပြားစီ ဖြစ်နေသော စိုးသိန်း ထွန်း အဖို့ ဆောက်တည်ရာမရပေ။

"မင်း ဘာကြောင့် ဒီအခန်းထဲကို ရောက်နေရတာလဲ"

တုံ့ပြန်ခြင်း မရှိသောကြောင့် ကြောက်စရာမျက်နှာနဲ့ လူကြီး ဒေါသူပုန်ထတော့သည်။

"မင်း ကိုသတ်ပြီး လက်စဖျောက်ပစ်ရမယ်ကွ"

ကြောက်စရာမျက်နှာနှင့်လူကြီးက စိုးသိန်းထွန်း၏ လည်ပင်းကို ညစ်ဖို့ပြင်လိုက်သည်။

"မလုပ်ပါနဲ့ သူ့ကိုမသတ်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"သူ သေလို့လုံးဝမဖြစ်ဘူး…သူ့အသက်ကိုရအောင် ကယ်ရမယ်"

"ဒီအခန်းထဲကို ဝင်လာရဲသူ သူစိမ်းတစ်ယောက်ကို လက်စ ဖျောက်ပစ်ရမယ်"

ညိုချောလေးနှင့် ကြောက်စရာမျက်နှာလူကြီးတို့ အချေ အတင် တစ်ယောက်တစ်ခွန်း အော်ဟစ်ကြသည်။ အော်ဟစ်သံ တွေကြောင့်ပင် စိုးသိန်းထွန်း တစ်ယောက်နားမခံသာအောင် ဖြစ် ရသည်။

ညိုချောလေးက ကြောက်စရာမျက်နှာနှင့်လူကြီးကို ခြေသလုံးဖက်ပြီး တောင်းပန်ခယသည်။

နောက်ဆုံးတော့ ကြောက်စရာမျက်နှာနှင့်လူကြီး၏ ခြေသံပြင်းပြင်းကို ကြားလိုက်ရသည်။ အခန်းတွင်းမှာ ညိုချော



သေးနှင့် စိုးသိန်းထွန်းနှစ်ယောက်သာကျန်ရစ်ခဲ့သည်။

"အရှင် အရမ်းကံကောင်းတယ်"

ညိုချောလေး တီးတိုးညင်သာစွာ ပြောရင်း စိုးသိန်းထွန်း ပါးစပ်ကို ဖြဲလိုက်သည်။

ပုလင်းအတွင်းမှ ဆေးရည်များကို လောင်းထည့်လိုက် သည်။ ဆေးရည်များ အာခေါင်ထဲသို့ ရောက်ပြီး မကြာခင်မှာ ပင် စိတ်နှင့်ကိုယ်မှာ တစ်ပေါင်းတစ်စည်းတည်း ပြန်ဖြစ်သွား သည်။ ငြိမ်သက်နေသော ခန္ဓာကိုယ်မှာ လူးလွန့်လာသည်။ မှိတ်နေသော မျက်လုံးများပွင့်လာသည်။ အရာရာကို ပကတိ အတိုင်း၊ စိုးသိန်းထွန်းတစ်ယောက် မြင်နိုင်၊ ပြောနိုင်လေပြီ။

"ငါ ဘာတွေဖြစ်ခဲ့တာလဲ"

"ရှင် သစ်ခွပန်းကို နမ်းခဲ့မိတယ် တော်သေးတာပေါ့ ထိထိရောက်ရောက် မနမ်းဖြစ်ခဲ့လို့"

"အခု ငါဘယ်ရောက်နေတာလဲ မင်းကဘယ်သူလဲ စောစောကကြောက်စရာကောင်းတဲ့ လူကြီးကရော…"

အိပ်မက်ဆိုးမှ လန့်နိုးသလိုမျိုး စိုးသိန်းထွန်း တုန်လှုပ်နေ

သည်။ ပြီးတော့…စကားတစ်ခွန်းပြောပြီးတိုင်း ရှိသမျှ အားအင်တွေ ကုန်ခမ်းသွားသလို ခံစားရသည်။

"ဒါတွေက အရေးမကြီးဘူး။ ရှင်သေသေချာချာမှတ်ထား…ဒီနေရာကို ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ရောက်ခဲ့တာလို့ မှတ်ထားပါ။ အခု ကြုံခဲ့တွေ့ခဲ့တာတွေကိုလည်း တစ်သက်လုံး မေ့ပစ်လိုက်ပါ"

"ငါ…ရောက်နေတာ"

စကားပြောရင်းကပင် ဝန်းကျင်ကိုကြည့်ဖြစ်သည်။ စိုးသိန်းထွန်း နံဘေးမှာ လူသေအရိုးခေါင်းတွေ ပြန့်ကျဲနေသည်။ တုန်လှုပ် ချောက်ချားသွားပြီး မျက်လုံးကို စိုးသိန်းထွန်း စုံမှိတ်ထားလိုက်ရသည်။

"အခုချိန်မှာ ရှင်စကားများများ ပြောလို့မရဘူး။ ပြီးတော့ အရမ်းစိတ်လှုပ်ရှားလို့ မရဘူးနော်။ ဒီလိုမှမဟုတ်ရင် အချိန်မရွေး ရှင်သေသွားနိုင်တယ်"

ညိုချောလေး၏ စကားတွေကြောင့်ပင် လူအရိုးပုံထဲရောက်နေသော သူ့အဖြစ်ကို စိုးသိန်းထွန်း မေ့လျော့ထားလိုက်သည်။



…တ်ကိုလျှော့ချလိုက်သည်နှင့် စိုးသိန်းထွန်းတစ်ယောက် ဘာဆို…ဘာမှ မမြင်ရ၊ မကြားရတော့ပေ။

စိုးသိန်းထွန်းတစ်ယောက် ဆေးရုံတက်ပြီး ကုသမှုခံနေသည်မှာ သီတင်းနှစ်ပတ်ပြည့်တော့မည်။

ဆရာဝန်ကြီးများ၏ မှတ်ချက်အရတော့ ထူးဆန်းသော သစ်ခွပန်းပင် အဆိပ်ရန့်ကြောင့်…၊ အာရုံကြောထိခိုက်သွားသည်ဟု ဆိုသည်။

သီတင်းတစ်ပတ်ကျော် မေ့မြောနေပြီး သတိပြန်ဝင်တော့လည်း ကယောင်ချောက်ချားတွေကိုသာ ပြောဆိုနေတော့၏။ လူကိုသေစေနိုင်သော သစ်ခွပန်း၊ သူရဲ၊ တစ္ဆေဆန်ဆန်ကြုံခဲ့ရသော မိန်းကလေးတစ်ယောက်…

ပြီးတော့…ကြောက်စရာမျက်နှာနှင့် လူကြီးအကြောင်း



တွေကိုသာ တွေ့သည့်လူတိုင်းကို ပြောပြနေ၏။

စိုးသိန်းထွန်း ပြောတာတွေက အမှားအယွင်းမရှိ။ သူကြုံတွေ့ခဲ့တာတွေကို နားထောင်ရသူတွေက မယုံကြည်ဘဲ ဖြစ်နေကြသည်။

"ကျွန်မသားလေးတော့ ဒီလိုနဲ့ပဲ လူ့ဘဝတုံးတော့မယ် ထင်ပါတယ်"

စိုးသိန်းထွန်းမိခင်က သားဖြစ်သူအတွက် ရတက်မအေးနိုင်ပေ။ ဆေးရုံမှ ဆင်းရတော့မည် ဒီအခြေအနေအထိ လူကောင်းတစ်ယောက်လိုပင် ပြုမူနေထိုင်၏။

ခက်နေတာက သူကြုံတွေ့ခဲ့တာတွေကို သက်သေအထောက်အထား ခိုင်ခိုင်မာမာနှင့် တခမ်းအနား ပြောဆိုနေခြင်းပဲ ဖြစ်သည်။

"မင်းကလဲကွာ အားလုံးကကြိုးစားပြီးကုပေးလို့ ဒီအခြေအနေထိ ရောက်ခဲ့တာပဲ။ တဖြည်းဖြည်းနဲ့ ဒီကိစ္စတွေကို သူမေ့ပျောက်ပြီး လူကောင်းပကတိပြန်ဖြစ်လာဖို့ တို့တွေအားလုံးကြိုးစားကြရမှာပေါ့ကွာ"

ယဉ်ယဉ်လေးနှင့် စိတ်ကစဉ့်ကလျားဖြစ်နေသော သားကို
ဆေးပညာကုထုံးများဖြင့် အချိန်ဆွဲပြီး ကုသလျှင် ပျောက်ကင်း
မည်ဟု ဒေါက်တာသိန်းမြင့် ယုံကြည်နေသည်။

ဦးနောက်အာရုံကြောဆိုင်ရာ မိတ်ဆွေ၊ ဆရာဝန်ကလည်း
စိုးသိန်းထွန်းအတွက်အားလုံး တာဝန်ယူထားၿ၏။

“တဖြည်းဖြည်းနဲ့ သူ့စိတ်တွေ ပုံမှန်ပြန်ဖြစ်လာမှာပါ။
သူ့မိဘကို သိတယ်။ သူ့သူငယ်ချင်းတွေကို သိတယ်။ သူ့သံ
ယောဇဉ် အရှိဆုံးဒီကသူ့အပြုံးကိုလဲ မေ့နေတာမျိုး အရိပ်
အယောင်မပြဘူး”

သူဇာပြုံးကလည်း ချစ်သူအဖြစ်ကိုကြည့်ပြီး စိတ်မကောင်း
ဖြစ်နေ၏။ စိုးသိန်းထွန်းနှင့် သူဇာပြုံးတို့မှာ လူငယ်ချင်းချစ်ကြိုက်
မိရုံမက မိဘချင်းကလည်း သဘောတူထားကြသူများဖြစ်သည်။

“မင်းကလဲကွာ ငါတို့အားလုံးသားလေးအတွက် ဝိုင်းပြီး
ကြိုးစားကြရမယ်လေ။ မင်းကိုယ်တိုင်က ဒီလောက်ဖြစ်နေတော့
သမီးလေး သူဇာပြုံးကိုလည်း အားနာပါဦးကွာ”

“ဟုတ်ပါတယ် အန်တီဝေ…ကိုစိုးရဲ့ စိတ်ခွဲလမ်းမှုတွေကို



မြန်မြန်ပျောက်သွားအောင် သူဇာတို့အားလုံးနားလည်မှုပေးပြီး
တ်ရှည်ကြရမှာပေါ့ …”

“ဒီသမီးလေးက သဘာဝကျတယ်။ သူပြောတာတွေ
ကို လုံးဝမငြင်းဘဲ သဘောတူလက်ခံကြောင်း ပြရမယ်။ တစ်
ပြိုင်နက်တည်းမှာပဲ ဒါတွေက ယုတ္တိမတန်ဘူးဆိုတာကို အလိမ္မာ
သုံးပြီး သိမ်းသွင်းဖျောင်းဖျဖို့လိုတယ်”

သူတို့အားလုံး လူနာရှိရာအခန်းတွင်းသို့ မဝင်သေးဘဲ
ဆွေးနွေး တိုင်ပင်နေကြသည်။ ထိုစဉ်မှာပင် သူနာပြုဆရာမလေး
ခန်းပြင်သို့ထွက်လာသည်။

“ဆရာကြီးတို့က ဒီမှာ စကားပြောနေကြတာကိုး”

“ဘာလို့ လူနာကိုတစ်ယောက်တည်း ထားပြီထွက်လာ
တာတုန်း ဆရာမ”

“လူနာက အရမ်းဂျိကျနေလို့ပါ။ သူရိုက်ခဲ့တဲ့ ဓာတ်ပုံ
တွကူးပြီးပြီလားလို့ တတွတ်တွတ်မေးနေတယ်။ ပြီးတော့ ဒီက
တွေဘယ်ရောက်သွားကြတာလဲလို့ မေးတယ်”

သူနာပြုဆရာမလေး၏ စကားကြောင့်ပင်… လူတွေ

အားလုံး အခန်းတွင်းသို့ ဝင်လိုက်ကြသည်။

"ဒေါက်တာ ကျွန်တော်ရိုက်ခဲ့တဲ့ ဖလင်လိပ်ကို ကူးပြီး ပြီလား၊ အဲဒီဖလင်လိပ်ထဲမှာ ကြောက်စရာကောင်းတဲ့လူကြီး ပုံရော၊ ထူးဆန်းတဲ့မိန်းကလေးပုံပါ ပါတယ်။ ဒါတွေက ကျွန်တော်ကြုံခဲ့တွေ့ခဲ့တာတွေ အတွက် အခိုင်မာဆုံး အထောက် အထားပဲ ဒေါက်တာ"

"မင်း ကြုံတွေ့ခဲ့တာတွေ မဟုတ်ဘူးလို့ ဘယ်သူက ငြင်းလဲ၊ ဒီအထဲက ဘယ်သူငြင်းတာလဲ"

"မငြင်းပေမယ့် အားလုံးရဲ့ စကားတွေက ကြုံခဲ့တာတွေ ကို ချေဖျက်နေသလိုပါပဲ"

"ပြောပါဦးသား"

စိုးသိန်းထွန်းကို အနီးကပ်ကြည့်ရှုနေသော ဆရာဝန်ဂ လိမ္မာပါးနပ်စွာ ကိုင်တွယ်နေကြောင်း အားလုံးရိပ်မိသည်။ စိုးသိ ထွန်း ကလည်း ကျန်သည့်သူများကို ယုံကြည်ပုံမရ၊ ချစ်သူဖြ သော သူဇာပြုံးကိုပင် မယုံကြည်ပေ။

သူ့အပေါ်နားလည်မှုရှိသော ဒေါက်တာတစ်ယောက်တည်



ကိုသာ ယုံကြည်နေသည်။

"ကျွန်တော့်ကို ညီချောက မြေအောက်ခန်းထဲ ခေါ်သွား တယ်။ ကြောက်စရာမျက်နှာကြီးနဲ့ လူက ဒေါသကြီးနဲ့ သတ်ဖို့ ကြိုးစားတယ်…ဒါကိုဘယ်သူမှ မယုံကြဘူး၊ လိပ်ပြာစံအိမ်မှာ အဲဒီနှစ်ယောက်စလုံးမရှိဘူးလို့ ပြောကြတယ်။ ဒါ ကျွန်တော့် ကို ဝိုင်းပြီး အရူးလုပ်တာမဟုတ်လား"

"ဒါတော့ သားရယ် အဲဒီကို မေမေမရောက်ဖူးဘူး။ သား ဖေဖေကလည်း အဲဒီကိစ္စတွေဖြစ်ပြီးမှ လိပ်ပြာစံအိမ်ကို ရောက် လာတာမဟုတ်လား။ သား မူးမေ့ပြီးလဲနေတာကို ခြံစောင့်ကြီး ရဲ့ မိန်းမကတွေ့တယ်။ သူပြောလို့ ခြံစောင့်ကြီးနဲ့ ဖထီးက ဆက်အကြောင်းကြားတယ်။ အဲဒီနေ့ အဲဒီအချိန်တုန်းက အဲဒီအိမ် မှာ ခြံစောင့်လင်မယားပဲရှိနေတာလို့ ဖထီးကိုယ်တိုင်ပြောခဲ့တာ လေ။ မေမေတို့တွေ ပြောတာမှ မဟုတ်ဘဲ"

"ဟုတ်တယ်ကိုစိုး ထူးဆန်းတဲ့ လိပ်ပြာစံအိမ်မှာ ခြံစောင့် ကြီးတို့လင်မယားပဲ အမြဲနေတာ… ခြံပိုင်ရှင်က သစ်ခွတွေကို တော်ဝင်စားတဲ့ ရန်ကုန်ကသူဌေး တစ်ယောက်ပဲ။ ခြံပိုင်ရှင်က

တစ်လတစ်ခေါက်လောက်ပဲ အဲဒီကိုလာတာလို့ ဖထီးဆိုတဲ့လူ ကြီးပြောတယ်''

''ဒါ ဖထီးက သူ့လူကိုယ်ဘက်သားလုပ်တာ၊ ဖထီး ကိုယ်တိုင်က တစ်ခုခုအတွက် လျှို့ဝှက်ပြီး ကိုစိုးရဲ့ စကားတွေ ကို အရှုံးလုပ်လိုက်တာပဲ သူဇာ''

ဆရာဝန်ကြီးက လူနာနှင့် လူနာရှင်တို့ ပြောကြဆိုကြတာ တွေကို ကရုဏာထားပြီး နားထောင်နေ၏။

''ဟုတ်ပါတယ် သားရယ် အားလုံးက သားပြောတာတွေ ကို မယုံလို့မဟုတ်ပါဘူး''

''ဒေါက်တာကလွဲပြီး ကျန်ခဲ့တဲ့သူတွေက ကျွန်တော့် စကားတွေကို သင်္ကာမကင်းဖြစ်ကို ဖြစ်နေတယ်။ အဆိုးဆုံးက တော့ ဖထီးဆိုတဲ့လူကြီးရဲ့စကားအပေါ် အကြွင်းမဲ့ယုံနေကြတယ် လို့...ကျွန်တော်ခံစားရတယ်''

''ကောင်းပြီသား...သားရဲ့စကားတွေ မှန်ကန်တယ်ဆို တာကို အထောက်အထားနဲ့ပြနိုင်ဖို့...ဆရာကိုယ်တိုင် ခတ်ပုံ တိုက်ကို သွားပြီး ကူးခဲ့တာ''



''ခတ်ပုံတွေကို ပြပါဦး ဒေါက်တာ...ကျွန်တော်ပြော တဲ့အတိုင်း ထူးဆန်းတဲ့မိန်းကလေးနဲ့ ကြောက်စရာကောင်းတဲ့ လူကြီးတို့ရဲ့ ပုံတွေတွေ့တယ် မဟုတ်လား''

''စိတ်မကောင်းစရာပဲ သား၊ မင်းရိုက်ခဲ့တဲ့ဖလင်တစ်လိပ် လုံးမှာ လိပ်ပြာပုံနဲ့ပန်းပုံတွေနှစ်ကွက်ပဲ ကူးလို့ရတယ်။ ကျန်တဲ့ ဖလင်ကွက်တွေက အားလုံးပျက်စီးသွားတယ်။ မင်းလည်း အတွေ့အကြုံများတဲ့ ကင်မရာသမားပဲ မင်းရိုက်ခဲ့တဲ့ဖလင်လိပ် ဆေးထားတာကို ကြည့်ပါဦး...''

ဆေးပြီးသားဖလင်လိပ်ကို ဒေါက်တာက ကမ်းပေးလိုက် သည်။ စိတ်မြန်ကိုမြန်ဖြင့် စိုးသိန်းထွန်း လှမ်းယူပြီး ကြည့်သည်။

''ဟင်...တကယ်ပဲ ဒေါက်တာပြောတဲ့အတိုင်း ဖြစ်နေ ပါလား။ အားလုံးကို သေသေချာချာရိုက်ခဲ့တာ။ ဘာလို့နှစ်ပုံပဲ အကောင်းပကတိဖြစ်ရတာတုံး''

သူကိုယ်တိုင်ရိုက်ကူးခဲ့သော ဖလင်ကွက်များကို ကြည့်ပြီး စိုးသိန်းထွန်း ယူကျုံးမရ ဖြစ်နေသည်။

ဒီအချက်ကို အခွင့်ကောင်းယူပြီး ဆရာဝန်က-

"ဘာမှ ခေါင်းခြောက်ခံပြီး စဉ်းစားမနေပါနဲ့သား။ သက်သေအထောက်အထားမပြနိုင်ပေမယ့် သားကြုံခဲ့တာတွေကို ဆရာတို့အားလုံး ယုံကြပါတယ်"

"လိပ်ပြာစံအိမ်ကတော့ လျှို့ဝှက်ချက်တွေနဲ့ အရှုံးဖြစ်အောင်လုပ်နေတာ သေချာတယ်။ တစ်နေ့နေ့မှာ ကျွန်တော့်စကားတွေကို လူတွေယုံကိုယုံရစေမယ် ဒေါက်တာ"

ထင်တိုင်း မဖြစ်ခဲ့သည့်အတွက် စိုးသိန်းထွန်း မကျေမနပ်ဖြစ်နေသည်။ ဖလင်တွေပျက်စီးကုန်သည့်အတွက် ပြောစရာအကြောင်းတွေ အများကြီးရှိနေသည်။

လူတွေက ပိုပြီး သက်သေမကောင်းဖြစ်မှာစိုး၍ စိုးသိန်းထွန်း မျိုသိပ်ထားလိုက်ရသည်။

# သွေးသောက်တဲ့ စိန်လက်စွပ်

တက္ကသိုလ်ကျောင်းပိတ်ရက်တွေ ပြီးဆုံးပြီး အတန်းတွေ
စနေပြီ။

စိုးသိန်းထွန်းတစ်ယောက် ကျောင်းစာတွေကို အလျှင်လို
မဝင်စားတော့ပေ။

စိုးသိန်းထွန်း စိတ်ထဲမှာ…မိတ်ဆွေအပေါင်းအသင်းတွေ
အလိုမကျချင်ဖြစ်နေသည်။

သူပြောသော စကားများကို အားလုံးက ခေါင်းညိတ်လက်
ခံသောအခါ ဝိုင်းညာနေကြတာဟု နားလည်သည်။

သူ့ကို ယဉ်ယဉ်လေးရူးနေသူဟု သတ်မှတ်ကြသည်။
ထဲမှာ သူ့ချစ်သူ သူဇာပြုံးလည်း ပါဝင်နေသည်။

သူသွားလာနေထိုင်ရသည်မှာလည်း မလွတ်လပ် အားလုံး

က တစ်ချိန်မဟုတ်တစ်ချိန် လိပ်ပြာစံအိမ်ဆီသို့ သူပြန်သွာ
လိမ့်မည်ဟု တထစ်ချတွက်ထားပုံရသည်။

သူသွားလာနေထိုင်မှုကို လုံးဝအလစ်မပေးဘဲ အမြဲတ
စောင့်ကြည့်ခံနေရ၏။

တကယ်တော့ လူတွေတွက်ဆသလို လိပ်ပြာစံအိမ်ဆီ
နောက်တစ်ခေါက် ရောက်ဖို့ဆိုတာ…။

"ရှင် သေသေချာချာမှတ်ထား"

ဒီနေရာကို ပထမဆုံး ထူးဆန်းသော မိန်းမငယ်လေး
သူ့ကိုပြောခဲ့ပြီးဖြစ်သည်။ လိပ်ပြာစံအိမ်ဆီသို့ နောက်တစ်
ရောက်သွားရင် အသက်နဲ့ခန္ဓာ အိုးစားကွဲမှာကို ကိုယ်တိုင်သိနေ

"သား"

"ဘာလဲ မေမေ"

"ဒီလိုတစ်ယောက်တည်းနေပြီး တွေးချင်တာတွေ
မနေနဲ့လေ…အရင်လိုပဲ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါး
နေပါလား"

"ကျွန်တော်မပျော်ဘူးလို့ မေမေတို့ထင်နေကြတာ



ါဆိုရင်တော့ ကျွန်တော်ရှူးနေတာအရမ်းကို သေချာသွားပြီ။"

"မဟုတ်ဘူး သား အဲဒီလိုဆိုလိုတာမျိုး မဟုတ်ဘူး"

"ဟုတ်ပါတယ် မေမေ သားကို အာရုံကြောထိခိုက်သွား
ပြီး ယဉ်ယဉ်လေးရှူးနေတာလို့ အားလုံး သတ်မှတ်ထားတယ်။
ါမောက္ခကို အကျိုးအကြောင်းပြောပြီး ဒီစာသင်နှစ်ကို နား
တောင်နားထားသင့်တယ် မဟုတ်လား"

"ဟင် ဒါကိုဘယ်လိုလုပ်ပြီး သားသိတာလဲ"

"သိတာပေါ့မေမေရာ အပေါက်တစ်ရာကို ပိတ်လို့ရ
ကောင်းရမယ် လူ့ရဲ့ပါးစပ်တစ်ပေါက်ကိုတော့ ဘာနဲ့မှပိတ်လို့
ဆို့လို့မရဘူး။ ကောင်းပါတယ် မေမေ သားကိုယ်တိုင်ကလည်း
ဒီရက်ပိုင်းမှာ ကျောင်းစာတွေကို လုံးဝကြည့်ချင်စိတ်မရှိဘူး"

သူမရူးဘူး လူကောင်းတစ်ယောက်ဆိုတာကို စိုးသိန်းထွန်း
သိနေသည်။ တကယ်တော့ သူကြုံတွေ့ခဲ့တာတွေကြောင့် လူတွေ
အစိုးရိမ်လွန်နေကြခြင်းပဲ ဖြစ်သည်။

"ဟော…သမီးလေး သူ့ဇာလာနေတယ် သား၊ သွားကြို
လိုက်ဦးလေ။

အရင်အချိန်တုန်းကတော့ သူဇာပြုံးသူ့ကို အချိန်မရွေး ပျော်ရွှင် ကြည်နူးစေနိုင်သည်။

အခုတော့ သူဇာပြုံးကလည်း သူ့စိတ်တွေပျော်ရွှင်အောင် အပြည့်အဝမဆွဲဆောင်နိုင်တော့ပေ။

ဝတ္တရားမပျက်အောင် မေမေ့စကားကို နားထောင်လိုက်၏။

"သူဇာ လာတာကို မြင်မြင်ချင်းမှာ ဘာလို့ထွက်ပြီး မကြိုတာလဲ ကိုစိုး"

"ချစ်လို့ပါ သူဇာ"

"ချစ်လို့ ဟုတ်လား ကိုစိုး"

"ဟုတ်တယ်လေ ချစ်သူချင်း ချစ်တယ်လို့ပြောတာ အထူးဆန်းဖြစ်နေစရာလား သူဇာရယ်"

စိတ်ထဲရှိတာတွေကို စိုးသိန်းထွန်း လျှောက်ပြောလိုက်သည်။ ဒီလို စိတ်လွတ်ကိုယ်လွတ်နေချင် ပြောချင်၏။ ဒါပေမဲ့ ပတ်ဝန်းကျင်က လုံးဝခွင့်မပြု။

"ကိုစိုးရဲ့စိတ်တွေ လန်းလန်းဆန်းဆန်းရော ရှိရဲ့လားဟင်"



ကရုဏာစကား…ကရုဏာအကြည့်များကို အခုလိုအချိန်မျိုးမှာ အမုန်းဆုံးပဲ ဖြစ်သည်။

"ကိုစိုးကို လူတွေက လိုတာထက်ပိုပြီး ဘာလို့များ ဂရုစိုက်နေကြတာလဲ သူဇာ…ကိုစိုးကိုယ်တိုင်က တကယ်ပဲ ရူးနေလို့များလား"

"မဟုတ်ဘူး ကိုစိုး…ရူးနေပြီလို့ သတ်မှတ်လိုက်ရင် သူဇာ ကိုစိုးနားမှာ ရှိနေတော့မှာ မဟုတ်ဘူး။ ကိုစိုး စိတ်ထဲ သံသယတွေဖြစ်နေတာ အဲဒါကလည်း ကိုစိုးဖြစ်ခဲ့တာတွေအတွက် နိုင်လုံတဲ့သက်သေမပြနိုင်လို့ ဖြစ်ရတာ"

သူ့စိတ်ကို သူဇာပြုံး ကောင်းကောင်းသိနေသည်။ သူဇာပြုံးကို ဟိုတုန်းကလည်း ချစ်သည်။ ယခုလည်းချစ်သည်။ နောင်လည်း ဆက်ပြီး ချစ်နေဦးမှာ သေချာသည်။

"ဟုတ်တယ် သူဇာ…ဓာတ်ပုံတွေပျက်သွားတယ် အကြီးအကျယ်ဆုံးရှုံးမှုကြီး တစ်ခုပဲ။ လိပ်ပြာစံအိမ်ဆီကို နောက်တစ်ခေါက်သွားဖို့ လုံးဝ မလွယ်ဘူး"

"ဘာလဲ…ကိုစိုးက လိပ်ပြာစံအိမ်ဆီကို နောက်တစ်

ခေါက် ထပ်သွားချင်လို့လား"

"ကိုစိုးက သွားချင်နေတာမဟုတ်ဘူး။ ကိုယ့်ပတ်ဝန်းကျင်က လူတွေ စိုးရိမ်လွန်ကဲနေတာ…ကိုစိုးတစ်နေရာရာထွက်သွားမှာကို သူဇာအပါအဝင် အားလုံးက မလိုအပ်ဘဲ စိုးရိမ်နေကြတယ်။ ကိုစိုးရဲ့သွားလာနေထိုင်မှုက အဲဒီစိုးရိမ်စိတ်လွန်ကဲမှုကြောင့် အကျဉ်းကျသလိုမျိုး ဖြစ်နေတယ် သူဇာ…"

နေမကောင်းဖြစ်ပြီး နောက်ပိုင်း စိုးသိန်းထွန်းစကားတွေကဆန်းနေ၏။ အားလုံးကိုလည်း စိုးသိန်းထွန်းက သိနေပြန်သည်။

"မစိုးရိမ်ဘဲနေမလား…ကိုစိုးရယ် ကဲပါ အဲဒါတွေမေ့ထားလိုက်ပါ"

"ကိုစိုးကို မေ့လိုက်ပါလို့ မပြောနဲ့…သူဇာအပါအဝင် အားလုံးက အရင်မေ့ထားလိုက်ဖို့ကြိုးစားပါ"

"ကိုစိုးရယ် ဒီနေ့သူဇာရောက်လာတာ ဒီအကြောင်းတွေပြောပြီး စိတ်ညစ်ရအောင် မဟုတ်ဘူးလား"

"ကိုစိုးလည်း ဒါတွေချည်းပဲတွေးနေပြောနေရတယ်။ အရမ်းပျော်ချင်တယ် သူဇာ"



"ဟုတ်တယ် ကိုစိုး အရင်လို ပျော်ပျော်ပါးပါးနေဖို့ ဒီနေ့သူဇာလာခဲ့တာပဲ တကယ်တော့ အရာအားလုံးကို မေ့ဖို့ကိုစိုးကြိုးစားနေတာ ဒီနေ့ဘာနေ့လဲ ကိုစိုး"

ချစ်စရာကောင်းသော အပြုံးဖြင့် သူဇာပြုံးမေးသည်။ နာမည်နှင့် လိုက်ဖက်သည့် အပြုံးပါပဲ။ ဒါကြောင့်မို့ပင် မိဘများက သူဇာပြုံး ဟု ပေးခဲ့ခြင်းလည်း ဖြစ်ပေလိမ့်မည်။

"ဘာနေ့များလဲ သူဇာ"

"တကယ်ကိုစိုး မသိတာလား…တကယ်ကို မေ့မေ့လျော့လျော့ ဖြစ်နေတာမျိုးလား"

သူဇာပြုံး၏စကားတွေကြောင့်ပင် စိုးသိန်းထွန်း ရအောင်စဉ်းစားကြည့်သည်။ အပူတပြင်း စဉ်းစားတော့ ခေါင်းထဲမှာရှုပ်ထွေးလို့လာ၏။

"ကဲပါလေ အရမ်းကြီး ဦးနှောက်ကို အလုပ်မပေးနဲ့ ကိုစိုး ဒီနေ့ ကိုစိုးရဲ့မွေးနေ့ပဲ…တစ်ခါတစ်လေတော့လဲ ဒါမျိုးက ဖြစ်တတ်ပါတယ်"

"ကျေးဇူးတင်တယ် သူဇာ‥တကယ်ကိုကိုယ်မေ့နေတာ

ကိုစိုးရဲ့ ဦးနှောက်တွေက အရင်လိုအလုပ်မလုပ်တာ သေချာနေပြီ"

"ပျော်ရအောင် ကိုစိုး…ဒါက ကိုစိုးအတွက်မွေးနေ့လက်ဆောင်။ တန်ဖိုးကြီးတယ် တကယ်လိုအပ်လို့ သူဇာ ဝယ်ပေးတာ ဒါပဲနော် လုံးဝငြင်းဖို့မကြိုးစားနဲ့"

တန်ဖိုးကြီးသည်ဟု သူဇာပြုံး စကားခံထားသည်။ ရတနာတစ်ခုခုဆိုတာ သိသာသည်။ ရတနာဘူးလေးကို လှစ်ခနဲဖွင့်လိုက်သည်။

"ဟာ"

စိုးသိန်းထွန်း အာရုံများကို အလင်းများက ရုတ်ခြည်းဖမ်းစားလိုက်၏။

"တန်ဖိုးကြီးတဲ့ စိန်လက်စွပ်ပဲ အပွင့်သေးပေမယ့် အရည်အသွေးကတော့မြင်တဲ့အတိုင်းပဲ…ကိုစိုးရဲ့ လက်မှာအမြဲတမ်းစွပ်ထား ဒီစိန်လက်စွပ်ဝတ်တဲ့နေ့က စပြီးကိုစိုးအတွက် ကံကောင်းခြင်းတွေ ဆက်တိုက်ဖြစ်လာမှာပါ"

စိုးသိန်းထွန်းက ထူးဆန်းသော စိန်ပွင့်လေးကို ငေးမောပြီး



ကြည့်မဝဖြစ်နေသည်။ စိန်ပွင့်တွေကို အခုမှမြင်ဖူးတာမျိုး မဟုတ်ကျောက်သံပတ္တမြားနှင့်လုံးဝမစိမ်း…

"ထူးဆန်းတာကတော့ သေချာတယ် သူဇာ၊ ဒီစိန်ပွင့်က ကိုစိုးရဲ့စိတ်ကိုကောင်းကောင်းကြီး ညို့နိုင်တယ် သူဇာ"

"ပြောလေ ကိုစိုး"

"ဒီလက်စွပ်က သာမန်မဟုတ်ဘူး ဆိုင်ကဝယ်ခဲ့တာလည်းမဟုတ်ဘူး…ဘယ်သူ့ဆီကရလာခဲ့တာလဲ သူဇာ"

စိန်ပွင့်တွေကို ကြည့်လိုက်တိုင်း သူနှင့်ဆုံခဲ့သော ညိုချောလေးကို ပြေးပြေးပြီး မြင်ဖြစ်နေသည်။ စိုးသိန်းထွန်း စကားတွေကြောင့် သူဇာပြုံး အံ့ဩရပြန်သည်။

"ဘာလို့များ ဒါတွေကို သိနေရတာတုန်းကိုစိုး ကိုစိုးရဲ့အာရုံခံမှုတွေက အရမ်းကိုသဘာဝမဆန်ဘူး ဖြစ်နေတယ်"

"ကိုစိုးမေးတာကိုသာ ဖြေပါ သူဇာ"

"ဟုတ်တယ် ကိုစိုး…ကိုစိုးအမြဲဆောင်ထားဖို့ အသိတစ်ယောက်ဆီက ဝယ်လာခဲ့တာပဲ"

စိုးသိန်းထွန်း မျက်စိထဲမှာ ညိုချောလေးကိုသာ မြင်နေ၏။

တစ်ရုံတစ်ယောက်က အကြားအမြင်တွေ ပေးနေသည်။ …သူ့နှုတ်ကို စီးနေသည်ဟု စိုးသိန်းထွန်း ကိုယ်တိုင် သံသယ ဖြစ်မိသည်။

"အဲဒီ အသိကမ်းကလေး မဟုတ်လား…နေပါဦး၊သူဇာ ဒီလိုစိန်မျိုး ဝတ်လေ့ဝတ်ထရှိတဲ့သူဟာ ဘယ်သူလဲ ကြည့်ရတာ ကိုစိုးသိထားတဲ့ အထဲကတော့ဖြစ်မယ်မထင်ဘူး"

"ကိုစိုးကတော့ အကြားအမြင် ဆရာဆိုပြီး ဗေဒင် ဟော စားဖို့ကောင်းနေပြီ။ ခင်မေညွှာနဲ့သူဇာက သိကြတာတစ်လ ကျော်ပဲရှိဦးမယ်။ ကိုစိုးဆေးရုံတက်တဲ့ကာလမှာပဲ သူငယ်ချင်း ဖြစ်တာလေ"

"ကျောင်းကလား"

"ဟုတ်တယ် ကိုစိုး…ခင်မေညွှာက အဆောင်မှာနေ တယ်။ သူ့ဒယ်ဒီက မိုးကုတ်က ကျောက်သူဌေး တစ်ယောက် ပဲ"

"ပြောပါဦး သူဇာ ဒီလက်စွပ်နဲ့ပတ်သက်ပြီး ဘာတွေ များ ထူးခြားလို့လဲ"



"ခင်မေညွှာကို စိန်မင်းသမီးလို့ကျောင်းက လူတွေ ခေါ်ကြတယ်။ သူ့ဝတ်ထားတဲ့ လက်ဝတ်ရတနာတွေအားလုံးက စိန်နဲ့လုပ်ထားတာချည်းပဲလေ…ကိုစိုးအကြောင်းကိုလည်းသူသိတယ်"

"နေပါဦး…သူဇာ…တော်ရုံခင်မင်မှုမျိုးနဲ့ ဒီကိစ္စမဖြစ် လောက်ဘူး…အဲဒီ ခင်မေညွှာနဲ့ဘယ်လို ပတ်သက်ဖြစ်တာ တုံး"

"ဒီလို ကိုစိုး ကိုစိုးကိစ္စကိုချည်းပဲ ဘာလုပ်ပေးရင်ကောင်း မလဲလို့ သူဇာတစ်ချိန်လုံးစဉ်းစားနေတယ်။ အဲဒီနေ့က တကယ့် ကို သူဇာဘာဆိုဘာမှ မမြင်အောင် စိတ်ညစ်နေတာ။ ကံကောင်း လို့ပေါ့ ကိုစိုး…ခင်မေညွှာသာ မကယ်ရင်…ကားနဲ့တိုက်မိပြီး အရိုးတခြား အသားတခြားဖြစ်မှာ သေချာတယ်"

"ဒါဆို ခင်မေညွှာက သူဇာရဲ့ အသက်သခင်ကျေးဇူး ရှင်ပေါ့…ဒီလိုလား"

"အင်းပေါ့…အချိန်တိုတိုတွင်းမှာပဲ သူဇာတို့အရမ်း ခင်သွားကြတာ ကိုစိုး…ခင်မေညွှာက အပေါင်းအသင်းလည်း နည်းတယ်။ ကဲပါ…ဒီလက်စွပ်လေးကို ဝတ်ထားလိုက် မှန်းစမ်း

သူဇာဝတ်ပေးမယ်''

ပြောပြောဆိုဆို စိုးသိန်းထွန်းလက်ကိုဆွဲယူပြီး လက်စွပ်ကို ဝတ်ပေး၏။ စိုးသိန်းထွန်းအသာတကြည်ခံ၏။

''ဟင်…ကိုစိုးလက်တွေ အရမ်းကိုကတုန်ကယင်ဖြစ်နေပါလား သူဇာ''

''ဟုတ်ပါရဲ့ ကိုစိုး ဘာဖြစ်တာလဲဟင်''

''လက်စွပ်ဝတ်လိုက်လို့ ဖြစ်တာပဲသူဇာ၊ ဒီလက်စွပ်မှာ အစောင့်ရှိတယ်''

စိတ်ထဲမှာ ဖြစ်လာသည့်အတိုင်း စိုးသိန်းထွန်း ပြောလိုက်သည်။ ဒီလက်စွပ်ရာဇဝင်ကို စိုးသိန်းထွန်း ဘာဆိုဘာမှ သိမထားပေ။

''ဘယ်လို အစောင့်လဲကိုစိုး''

''အဲဒါတော့ မသိဘူး…စိန်လက်စွပ်က သွေးငတ်နေတာ၊ သူလူ့သွေးသောက်ချင်နေကယ်''

စိုးသိန်းထွန်း၏ စကားတွေက ဆန်းကြယ်ရာမှ နက်နဲရှုပ်ထွေး လာသည်။



''လက်စွပ်က သွေးသောက်ချင်တယ် ဟုတ်လားကိုစိုး''

'' မယုံရင်ကြည့် သူဇာ''

အဖြစ်အပျက် မြန်ဆန်လွန်းလှသည်။ စိုးသိန်းထွန်းက

က်ချင်းဆိုသလို ညာလက်ခလယ်ကို ပါးစပ်ထဲကောက်ထည့်

ိုက်၏။ သူ့သွားဖြင့် ဖိကိုက်လိုက်သည်။ စိုးသိန်းထွန်း

ာလက်ခလယ် ထိပ်မှာ သွေးတို့စို့နေသည်။

''မလုပ်ကောင်း…လုပ်ကောင်း ကိုစိုးရယ်''

သူဇာပြုံးကိုယ်တိုင်ကလည်း မတားဆီးဖြစ်နိုင်။

်တက်မိစွာဖြင့် စိုးသိန်းထွန်းလုပ်သမျှကို ထိုင်ကြည့်နေ၏။

''သေချာကြည့် သူဇာ''

လက်ခလယ်ထိပ်မှာ သွေးများ တစ်ပေါက်ပေါက် ကျနေ

။ စိန်ပွင့်ပေါ်မှာ သွေးစက်ကျပြီး ရဲရဲနီနေသည်။ တခဏချင်းမှာ

် သွေးတွေလွင့်ပျောက်သွား၏။ သူဇာပြုံး အံ့သြနေ၏။

သွေးစက်တွေ တကယ့်ကိုပျောက်ပျောက်သွားသည်။

်လက်စွပ်ပေါ်ကျတာကို မြင်သည်။ ပျောက်တာကိုလည်းမြင်

ည်။ ဒါပေမယ့် ဘာဖြစ်လို့ သွေးစက်တွေက မျက်စိရှေ့မှာ

ပျောက်သွားရတာလဲ ကိုစိုး''

''ဒီစိန်က သွေးသောက်တဲ့စိန်ပဲ သူဇာ ဒီစိန်မှာ အစောင့် ရှိတယ်။ တွေ့လား သွေးသောက်လိုက်မှ အရောင်တွေက ပိုလို့ တောင် ပြိုးပြိုးပြက်ပြက် ဖြစ်လာတယ်''

''ဟုတ်တယ်နော် ကိုစိုး ပြီးတော့လည်း ကိုစိုးရဲ့လက် တဆတ်ဆတ်တုန်တာလည်း လုံးဝငြိမ်သွားတယ်''

''အဲဒီ ခင်မေညာဏ်ဆိုတဲ့ မိန်းမကို ဖြစ်နိုင်ရင် အခုချက် ချင်း တွေ့ချင်တယ် သူဇာ''

''သူဇာကလည်း တွေ့ပေးဖို့ စီစဉ်ပြီးသားပါ။ ဒီမေ ခင်မေညာဏ်အားမှာ မဟုတ်ဘူး ကိုစိုး···သူဈေးဝယ်ထွက်နေမှာ မနက်ဖြန်ဆုံကြတာပေါ့''

သူဇာပြုံးပေးသော မွေးနေ့လက်ဆောင် စိန်လက်စွပ် ကလေးကို တကြည့်ကြည့်ရပ်နေ၏။ ထူးထူးခြားခြား သွေး သောက်တတ်သည့် စိန်လက်စွပ်လေးကို ရလိုက်သည့်အတွက် အလွန်ဝမ်းသာ ပီတိဖြစ်မိသည်။

# တစ်ကြော့ပြန်တွေ့ဆုံခြင်း

အနာဂတ်ကို ကြိုတင်သိနိုင်စွမ်း မရှိ၍သာ စိုးသိန်းထွန်းနှင့် ခင်မေညာဏ်တို့ကို ဆုံပေးခဲ့ခြင်းဖြစ်သည်။

စိုးသိန်းထွန်း အကြောင်းကိုလည်း ကြားပြီး ခင်မေညာဏ်ကိုယ်တိုင်ကလည်း တွေ့ချင်နေတာလည်း ပါသည်။

"အဲဒီ မိန်းမနာမည်က ခင်မေညာဏ်တဲ့ ဟုတ်လားသူငယ်ချင်း"

ခင်မေညာဏ်က အဆောင်မှာစောင့်နေသည်။ သူမနှင့် စိုးသိန်းထွန်း တို့က အဆောင်ကိုသွားပြီး ဝင်ခေါ်မည်။ အမှတ်တရလေးဖြစ်အောင်—စိုးသိန်းထွန်းနှင့် သူမတို့နှစ်ယောက်ကို ခင်မေညာဏ်က နေ့လယ်စာ ကျွေးမည်ဟုပြောထားသည်။

"ဟုတ်တယ်လေ ကိုစိုး… ဘာလို့လဲ"

အဆောင်ရှေ့ရောက်ခါနီးမှ စိုးသိန်းထွန်း ကော့ရုတ်ကာ

ငင်ကာ မေးလိုက်သည်။ ခင်မောဥဏ်ရှေ့မှာ အလွဲလွဲ အချော်ချော် တွေဖြစ်လျှင် ခက်ပြီပဲဟု သူဇာပြုံးစိုးရိမ်မိသည်။

"ဒီနာမည်က အရမ်းစိမ်းနေလို့ပါ။ နေပါဦး ဒီအဆောင်မှာ သီရိနေတာ မဟုတ်လား"

"ဘာလဲ…အဆက်ဟောင်းကြီးကို သတိရနေတုန်းပဲလား"

သီရိဆိုတာ အခြားသူမဟုတ်။ စိုးသိန်းထွန်း အသဲအသန်ကြိုက်ခဲ့သူတစ်ယောက်ဖြစ်သည်။ စိုးသိန်းထွန်းက သီရိကို မရွေးဘဲ ငယ်သူငယ်ချင်း သူဇာပြုံးကိုသာ ချစ်သူအဖြစ် ရွေးချယ်ခဲ့သည်။

"အဲဒါတွေက ကျွန်ခဲ့ပါပြီ သူဇာ။ သီရိကလည်း သူ့လူနဲ့သူ ဖြစ်နေတာပဲ…နေပါဦး…သီရိနဲ့လည်းတွေ့တွေ့နေတာပဲ ခင်မောဥဏ်အကြောင်းကို ပြောတာဆိုတာ မကြားမိပါဘူး သူက အနုမှရောက်လာတဲ့ ကျောင်းသူအသစ်များလား သူဇာ"

"မဟုတ်ဘူး သူဇာတို့လိုပဲ ပထမနှစ်တက်တဲ့ ကျောင်းသူပါ ကိုစိုး"



စကားတပြောပြောနှင့် အဆောင်ရှေ့သို့ ရောက်လာကြသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အဆောင်ထဲမှ ထွက်လာသော သီရိနှင့် ပက်ပင်တိုးတော့သည်။

"ဟော…ထူးထူးခြားခြားပါလား ဘာလဲ နင်တို့စုံတွဲက ငါ့ဆီ လာလည်တာလား"

သီရိရော သူဇာပြုံးပါ ဟန်ဆောင်နေကြသည်။ စိုးသိန်းထွန်းကြောင့်ပင် မိန်းကလေးနှစ်ယောက်ဆက်ဆံရေးမှာ မပြေမလည် ဖြစ်နေကြသည်။

"သူဇာနဲ့ သူငယ်ချင်းအသစ်ကို လာခေါ်တာ။ သူက ငါတို့နှစ်ယောက်ကို နေ့လယ်စာကျွေးမယ် ပြောထားလို့"

စိုးသိန်းထွန်းကပင် ပြေရာပြေကြောင်း ဝင်ပြောသည်။

"နေပါဦး ဒီအဆောင်က ဘယ်သူနဲ့များ သူဇာက သူငယ်ချင်း ဖြစ်ရတာတုံး"

သီရိက စပ်စုလွန်းသော မိန်းမဖြစ်၏။ အတင်းအဖျင်း ပြောရာမှာရော မဟုတ်ကဟုတ်က သတင်းဖြန့်ရာမှာရော သီရိက ပါဖြစ်သည်။ ဒီအချက်ကြောင့်ပင် သီရိကို စိုးသိန်းထွန်း မရွေး

ချယ်နေတာပဲ သူတော်ပြုံး ကောင်းကောင်းသိသည်။

"ငါ့သူငယ်ချင်းအသစ်က တခြားမဟုတ်ဘူး။ သိရဲ့ နင်တို့အဆောင်မှာ စိန်မင်းသမီးလို နာမည်ကြီးနေတဲ့ ခင်မေညာဏ် ပဲ။ သူက ငါတို့နှစ်ယောက်ကို ဟိုတယ်မှာ နေ့လယ်စာကျွေးမှာ သိလား"

သူတော်ပြုံးက အမြင်ကတ်ကတ်နှင့် ဝင်ပြောလိုက်သည်။ ချက်ချင်း ဆိုသလို သီရိမျက်နှာ အရောင်ပြောင်းသွား၏။

"ဟင်…ခင်မေညာဏ်လား"

"နင်…ခင်မေညာဏ် အကြောင်းကို ဘယ်လောက် သိ ထားလဲသီရိ"

"ကိုစိုးကလဲ"

"ပြောရရင်တော့ တစ်ထောင့်တစ်ညပုံပြင်လို ဆုံးမှာ မဟုတ်ဘူး။ အဲဒီမိန်းမက အခြောက်တိုက် ဘဝင်မြင့်နေတာ ဘယ်သူ့ကိုမှ ပေါင်းတာသင်းတာ မဟုတ်ဘူး။ မိုးကုတ်က သူဌေးသမီးဆိုတာလဲ တမင်လိမ်တာပဲနေမှာ။ စိန်မင်းသမီးဆိုပေ မယ့် တော်တော်များများက အတုတွေပဲဖြစ်မှာပါ"



တစ်ခဏအတွင်းမှာပင် ခင်မေညာဏ်အကြောင်းကို ပယ် ယ်နှယ်နှယ်ပြောနေသည်။ ဒါတောင် ခင်မေညာဏ် အဆောင် ထဲမှ ထွက်လာ၍ ပါးစပ်ပိတ်သွားခြင်း ဖြစ်သည်။

"ဟင်"

"ဘာဖြစ်တာလဲ ကိုစိုး"

"အခုလာနေတာ ခင်မေညာဏ်ဆိုတာလား"

မိတ်ဆက်မပေးခင်ကပင် စိုးသိန်းထွန်း တစ်ယောက် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာကို သူစာပြူး သတိထားမိသည်။

"ဘာဖြစ်လို့လဲ ကိုစိုး ဒါက ဘာဖြစ်သွားရတာလဲ… သိရိုရဲ့ ပါးစပ်အကြောင်းကိုလည်း သိသိကြီးနဲ့ကွာ၊ အရမ်းအားနာစရာတွေ ဖြစ်ကုန်တော့မှာပဲ"

သူစာပြူး စိုးရိမ်တာ မမှားပေ။ ခင်မေညာဏ်အနားသို့ ရောက်လာသည်။ စတင်မိတ်ဆက်ပေးသည်နှင့် စိုးသိန်းထွန်း



ဗွေဖောက်တော့သည်။

"ခင်မေညာဏ် ဒါ ကိုစိုးလေ"

ခင်မေညာဏ်က ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသည်။ စိုးသိန်းထွန်းကတော့ သူ့ရဲ့ တစ္ဆေကို ရုတ်တရက်တွေ့လိုက်သလိုမျိုး တုန်လှုပ်နေသည်။

"ကောင်းသောနေ့လယ်ခင်းပါ ကိုစိုး"

အထက်တန်းကျကျ စကားဆိုပြီး ခင်မေညာဏ် လက်ကမ်းပေးသည်။ စိုးသိန်းထွန်း မတုန်မလှုပ်။

"ကိုစိုး"

ဒီအဖြစ်အပျက်ကို ကြည့်ပြီး သူစာပြူး အရမ်းအားနာသွားသည်။ ခင်မေညာဏ်ကတော့ လုံးဝ မျက်နှာမပျက်ပေ။ စိုးသိန်းထွန်းကို ရောဂါသည်ဟု သဘောထားကြီးပြီး ခွင့်လွှတ်လေသလား မပြောတတ်။

"ခင်ဗျားက ခင်မေညာဏ် ဟုတ်ရဲ့လား"

မေးသည့်မေးခွန်းက ခွကျနေတာ သိသာသည်။ ခင်မေညာဏ်က ကမ်းပေးသော လက်ကို ရုပ်မပျက်အောင် ရုပ်သိမ်း

လိုက်သည်။

"ဟုတ်ပါတယ် ကိုစိုးရဲ့…ကျွန်မ ခင်မေညာဏ်ပါ။ ကွယ်ရာမှာတော့ စိန်မင်းသမီးလို့ ခေါ်ကြတယ်"

သူမသာဆိုရင်တော့ စိုးသိန်းထွန်းလို လူမျိုးကို ခွင့်လွှတ်မှာ မဟုတ်ဘူးဟု သူဇာပြုံး တွေးလိုက်သည်။

စိုးသိန်းထွန်း အကြောင်းကို သိထားသည့်ပဲထားဦး ဒီလောက်ကြီး လက်လွန်ခြေလွန် ဖြစ်တာမျိုးကို သဘောထား ကြီးနိုင်မှာ မဟုတ်ပေ။

"မသိပါဘူး ခင်ဗျားက ဘာတွေလျှောက်မြော်မှန်း မသိပါဘူး"

"ဒီလိုပဲ ခင်မေညာဏ်…ကိုစိုးက အမြော်အမြင်အနောက် အရမ်းကြမ်းတယ်"

သူဇာပြုံးက ကြားဝင်ပြီး ရယ်ပြည်စိုးသည်။ စိုးသိန်းထွန်း ကတော့ ပြောလေကွဲလေပိုဆိုးလာသည်။

"မဟုတ်ဘူး သူဟာ…ဘယ်သူလဲဆိုတာကို ကိုစိုးသိ တယ်။ ခင်မေညာဏ်လဲ သူဘာသာသူသိနေတယ် ဟုတ်တယ်



မဟုတ်လား"

"ဟုတ်တယ်ပဲ ထားလိုက်ပါ ကိုစိုးရာ ကဲကားငှားပြီး ဟိုတယ်ရောက်အောင် မြန်မြန်သွားကြရအောင်"

ခင်မေညာဏ်က သဘောထားကြီးလွန်းနေသည်။ သူဇာပြုံး ကသာ ချစ်သူကို မကျေမနပ်ဖြစ်ပြီး တစ်လမ်းလုံးမျက်စောင်း ထိုးပြီး လိုက်ပါလာသည်။

မျောက်အရှင်လတ်လတ်လေးကို ကုလားဆိုင်မှာ လှုပ်မရအောင် ရက်ရက်စက်စက်လုပ်ထားသည်။

ခင်မေညာထ် မျက်ရိပ်ပြသည်။ ဝိတ်တာလေးက အရှင်လတ်လတ်အတိုင်းပင် မျောက်လေး၏ဦးရေခွံကို လှန်လိုက်၏။

"မင်းတော်တော်ရက်စက်တဲ့မိန်းမပဲ"

"ဘာဖြစ်လို့လဲ ကိုစိုး"

မျောက်ကလေးက မျက်စိရှေ့မှာပင် ငြိမ်ကျသွား၏။ ဦးနှောက်တစ်ခုလုံးကတော့ တစ်လှုပ်လှုပ်ဖြစ်နေ၏။

"ဘယ်လောက်သနားစရာကောင်းလဲ"

"မဟုတ်ဘူးလေ ကိုစိုး၊ သူတေတို့ ကိုစိုးတို့ကို ကျွေးချင်



ှန်းလို့ ဈေးကြီးကြီးပေးပြီး စီစဉ်ရတာ ဒီမျောက်သွေးကို သောက်လိုက် ကိုစိုး"

ပိုက်ဆံအေရမ်းချမ်းသာသော သူဌေးသား ဟိုတယ်တက်ပြီး လိုရိုး ကြက်ကြက်ဖန်ဖန် စားကြသောက်ကြတာကို သူဇာပြုံး ကြားသည်။

"ငါမသောက်ဘူး···မင်းလူမဟုတ်တာ သေချာတယ် း‌မှာထားတာတွေက အားလုံး အစိမ်းစားရတာတွေချည်းပဲ"

သူဇာပြုံးကတော့ ကြားဝင်ပြီး ဖျန်ဖြေပေးသည်။

"မဟုတ်သေးဘူးလေ ကိုစိုး။ သူဇာတို့က ဧည့်သည် နေနဲ့လာခဲ့တာနော်။ ကိုစိုးမကြိုက်ရင် မှင့်မပြောသင့်ဘူး။ က ပိုက်ဆံအကုန်အကျခံပြီး ထူးထူးဆန်းဆန်းဖြစ်အောင် စီစဉ် ာလေ"

"မင်းဘာမှမသိဘူး သူဇာ အစုကိစ္စက ခင်မေညာထ်နဲ့ နစ်ယောက်ချင်းပဲ သိတဲ့ကိစ္စ···ငါကတော့ပြောသင့်တာကို ာရမှာပဲ"

"ကဲပါ ကိုစိုးရယ်···ခင်မေညာထ်ကပဲ တောင်းပန်ပါ

တယ်။ စီစဉ်ထားတဲ့ အစားအသောက်တွေကို မကြိုက်ဘူးဆိုရင် ကြိုက်တာမှာစား….ဟုတ်ပြီလား

"ငါ ဘာမှ စားချင်သောက်ချင်စိတ် မရှိဘူး။ ငါမင်းရဲ့ လှည့်ကွက်ထဲကို လုံးဝမဝင်ဘူး ခင်မေညာဏ်"

"ကိုစိုးနော် သူဇာ အရမ်းစိတ်တိုနေပြီ။ ဒီထက်ပိုပြီး အခြေအနေဆိုးလာရင် သူဇာခွင့်လွှတ်မှာ မဟုတ်ဘူးနော်"

ပြောရင်းဆိုရင်း သူဇာပြုံး အသားတွေ တဆတ်ဆတ်တုန် လာ၏။ အသားလှီးဖို့ ချထားသော ဓားတစ်ချောင်းကို ကောက် ယူပြီး ကျစ်ကျစ်စုပ်ပါအောင် ဆုပ်ကိုင်ထားလိုက်၏။

သူဇာပြုံးကြောင့်ပင် စိုးသိန်းထွန်း သတ်ပြင်းရှည်ချသည်။ ခင်မေညာဏ်ကလည်း လိမ္မာပါးနပ်စွာပင် ကိုင်တွယ်လိုက်သည်။

"ကဲပါ စိတ်လျှော့လိုက်သူဇာ အခုကိစ္စတွေကို မေ့ထား ပြီး ပျော်ပျော်ပါးပါး စားကြသောက်ကြတာပေါ့…ကိုစိုးရဲ့ အခြေအနေကိုလဲ သူဇာသိသားနဲ့ကွာ"

ခင်မေညာဏ်စကားကြောင့်ပင် တစ်စုံတစ်ခုမြော်ဖို့ စိုးသိန်း ထွန်း ပြင်လိုက်သေးသည်။



သူဇာပြုံးကိုငဲ့သောအားဖြင့် သူ့စိတ်ကို စိုးသိန်းထွန်း ပြန် ထိန်းလိုက်ရသည်။

"အမဲသားဆိုတာ လတ်လတ်ဆတ်ဆတ်နဲ့ အစိမ်းစားရင် ပိုပြီးအရသာရှိတယ်။ သူဇာ အားပါးတရစားနော် ထမင်းကို နည်းနည်းပဲစား"

"စားမယ် ခင်မေညာဏ် ဒီလိုအစားအသောက်မျိုးဆိုတာ ကြိုတောင့်ကြိုခဲပဲ"

သူဇာပြုံးကလည်း စိုးသိန်းထွန်းကို တမင်ရွဲ့ပြီး အားပါး တရ စားသောက်၏။ အစကတော့ အသားစိမ်း၊ ငါးစိမ်းတွေ ကြောင့် သူဇာပြုံးစိတ်ထဲမှာ တစ်မျိုးဖြစ်နေသေးသည်။

ဟိုတယ်ဝန်ထမ်းများ၏ စနစ်တကျ ခင်းကျင်းပြင်ဆင် ထားမှုကြောင့်ပင် ကောက်မြည်းကြည့်သည်။

ခင်မေညာဏ်ပြောသည့်အတိုင်း အရသာရှိလွန်းကြောင်း သူဇာပြုံး သိသွားသည်။

စိုးသိန်းထွန်းကတော့ ဘာကိုမှ မထိတို့ပေ။

ယုတ်စွအဆုံး အအေးတစ်ငုံပင်မသောက်။

ခင်မေညွှာ၏ လှုပ်ရှားစားသောက်နေမှုကိုသာ မျက်တောင်မခတ်တဲ လူကို စိုက်ကြည့်နေသည်။

# အဆောင်မှာနေတဲ့လူတစ္ဆေ

သီရိနှင့် စိုးသိန်းထွန်းတို့ တွေ့ကြသည်။

စိုးသိန်းထွန်းက သွေးသောက်သော စိန်လက်စွပ်နှင့် ိန်မင်းသမီး၏ ဘဝအမှန်ကို စီကာပတ်ကုံး ပြောပြသည်။

သီရိကလည်း စိန်မင်းသမီးမှာ လူယောင်ဆောင်ထား သော တစ္ဆေတစ်ကောင် ဖြစ်ကြောင်းကို ချဲ့ကားပြီး သတင်းဖြန့် ျလေသည်။

တစ်ဆောင်လုံးက ခင်မေညာဏ်ကိုစောင့်ကြည့်ကြသည်။ ူပြောသူပြောများလာတော့ ဆရာ ဆရာမများပင် ယုန်ထင် ကြောင်ထင် ဖြစ်လာသည်။

ခင်မေညာဏ်နှင့် တွေ့ပြီးကတည်းက စိုးသိန်းထွန်း၏ အခြေအနေမှာ ပိုဆိုးလာသည်။ စိုးသိန်းထွန်းကို အားလုံးက ဂရုပြန်စိုက်နေရသည်။ သူဇာပြုံးခများမှာတော့ စိုးသိန်းထွန်းနှင့် သီရိတို့ကြောင့်ပင် ခင်မေညာဏ်အား မျက်နှာချင်း မဆိုင်ရဲတော့ပေ။

"နင် အဲဒီတစ္ဆေမနဲ့ အပေါင်းအသင်း ဆက်မလုပ်နဲ့ သူဇာ နင်ဝိညာဉ်ကို သူနုတ်ယူသွားလိမ့်မယ်"

ရောဂါသည်ဆိုပြီး သူဇာပြုံးက ခွင့်လွှတ်ထားသည့် ဒါကို အခွင့်အရေးယူပြီး စိုးသိန်းထွန်း ပိုဆိုးလာသည်။

"နင် အရူးထပြီး ပေါက်ရတွေလျှောက်မပြောနဲ့ ကိုစိုး"



"ငါက အမှန်တွေကို ပြောတာ…သီရိပြောတာ မှန်နေပြီ နင့်ကို အဲဒီတစ္ဆေမက အပင်းသွင်းထားပြီးပြီ။ ဒါကြောင့် နင် အမှန်ကို မမြင်ဘဲ ဖြစ်နေတာ"

"ဘာလို့များ သီရိနဲ့ ပူးပေါင်းရတာလဲ ကိုစိုး၊ သီရိရဲ့ ပါးစပ်အကြောင်းကိုလည်း သိသားနဲ့၊ အခုဆိုရင် အဆောင်မှာတင် မဟုတ်တော့ဘူး။ တစ်ကျောင်းလုံး ပွနေပြီ ကိုစိုး"

ဒီထက်မက ပိုးဆိုးပက်စက် ပြောလိုက်ချင်သည်။ စိတ်မှ မမှန်နေသော ရောဂါသည်မို့ သတိထားပြီး သူဇာပြုံး ပြောနေရသည်။

"ဟုတ်လို့ကျော် ပုပ်လို့ပေါ်တာပဲ အဆန်းလား။ သူဇာ ဒီမိစ္ဆာမကို အဆောင်ကရော ကျောင်းထဲကပါ အားလုံးဝိုင်းပြီး တောထုတ်ပစ်ရမှာ သိလား"

"မဟုတ်သေးဘူး ကိုစိုး၊ ခင်မေညာဏ်က လူစစ်စစ်ပါ ဘယ်လိုလုပ်ပြီး တစ္ဆေမက တက္ကသိုလ်လာတက်မှာတုံး ပြီးတော့ ဆွေကြီးမျိုးကြီးထဲကဆိုတာကို သိရက်သားနဲ့"

သူဇာပြုံးက ယုတ္တိတန်တန် အကျိုးကြောင်းဖြင့် ရှင်းပြ

သည်။ ဒါကို…စိုးသိန်းထွန်းက လုံးဝ လက်မခံပေ။

"ပရလောကသားတွေ အရာရာကို သူတို့အစွမ်းရဲ့ ဖန်ဆင်းနိုင်တယ် သူဇာ…လူတွေပြောတာဆိုတာကို ကြားသာ ကြားဖူးခဲ့တာ…မျက်မြင်ကြုံရပြီ တကယ့်ကို ကျောချမ်းစရာကြီး ပါ"

"အဲဒီလို လက်လွှတ်စပယ်မပြောနဲ့ ကိုစိုး…။

တစ်ဖက်သား ဘယ်လောက်နစ်နာမယ်ဆိုတာ တွေးကြည့် ပါဦး သီရိ ဆိုတဲ့ မိန်းမကလည်း မဆင်မခြင်နဲ့ ဟုတ်တာတွေ ရော…မဟုတ်တာတွေရော အားလုံးလျှောက်ပြောနေတာပဲ"

"သီရိက အမှန်ပြောတာ အဆောင်မှာ သူ့ရဲ့ခြောက်ခြောက် နေတာကလည်း အဲဒီတစ္ဆေမရဲ့လက်ချက်ပဲ"

"ခင်မေညာဏ်က တစ္ဆေလုံးဝ မဟုတ်ဘူး"

"ဟုတ်တယ်"

"ဒါဆိုရင် ဘာအထောက်အထားနဲ့ တစ္ဆေလို့ တပ်အပ် ပြောနိုင်တာလဲ ကိုစိုး"

စကားပြောရင်းကပင် သူဇာပြုံး ဒေါသထွက်လာသည်။



ခင်မေညာဏ် အရှက်ကွဲရခြင်းမှာ သူ့မကြောင့်ဟု သူဇာပြုံး ယူကျုံးမရ ဖြစ်နေသည်။

"အထောက်အထား သိပ်ရှိတာပေါ့သူဇာ"

"ဒါဆိုရင်ပြလေ"

"လိပ်ပြာစံအိမ်မှာ တွေ့ခဲ့တဲ့ မကောင်းဆိုးဝါးဟာ ခင်မေ ညာဏ်ပဲ သူဇာ…တွေ့ကတည်းက မပြောကောင်းလို့ မပြောဘဲ နေခဲ့တာ"

"မဖြစ်နိုင်ဘူး ကိုစိုး…လုံးဝမဖြစ်နိုင်ဘူး။ အဲဒီလိပ်ပြာ စံအိမ်ကို အထောက်အထားလုပ်ပြကတည်းက လုံးဝမဟုတ် တာပဲ"

"ငါက မင်းရဲ့ချစ်သူနော်"

"ဟုတ်တယ်လေ"

"အေး…မင်းကို ရာသက်ပန်လက်ထပ်ပေါင်းသင်းမယ့် ယောက်ကျားလောင်းဆိုလည်း ဟုတ်တယ်။ ငါပြောတာတွေကို ဘာဖြစ်လို့များ အကြောက်အကန်ငြင်းနေရတာလဲ သူဇာ"

စိုးသိန်းထွန်း တစ်ယောက်သိသိသာသာကြီး မျက်ထောင့်

နီလာသည်။ လူကြီးတွေ သတိပေးသည့်စကား ဆရာဝန်တွေ မှာထားသည့်စကားကို ပြန်ပြီး အမှတ်ရမိသည်။

"ကောင်းပြီ ကိုစိုး…ခင်မေညာဏ် တစ္ဆေမဖြစ်နေတာကို သူဇာယုံသွားပြီ"

"ဒါဆိုရင် သူနဲ့ လုံးဝမပတ်သက်နဲ့ သူဇာ"

သူဇာပြုံးကတော့ ချုံးပွဲချပြီး ငိုချနေသည်။ စိုးသိန်းထွန်းကတော့ တစ်နေ့တခြား အခြေအနေဆိုးနေ၏။ ဒီကြားထဲ သီရိဆိုသော မိန်းမကလည်းတစ်မျောင့်…။ ခင်မေညာဏ် ခမျာမှာတော့ လူဘုံအလယ်မှာ မျက်နှာမပြရဲလောက်အောင် အရှက်ရနေမှာ သေချာသည်။

သူဇာပြုံးက အပြစ်လုပ်မိသူမို့ ခင်မေညာဏ်ကို ရှောင်ရှောင်သည်။

ခင်မေညာဏ်ကတော့ ဒီဖြစ်ရပ်တွေနှင့်ပတ်သက်ပြီး သူဇာပြုံးကို အပြစ်မတင်ပေ။ ရှောင်နေသော သူဇာပြုံးကို ခင်မေညာဏ် ကိုယ်တိုင်လာရောက်တွေ့ဆုံသည်။

"သူဇာ"

လွတ်အောင် မပြေးနိုင်တော့ပေ။ တွေ့အောင် ရှာသူက လက်ဦးမှု ရသွားသည်။

"ဘယ်ကိုပြေးမှာလဲ သူဇာ ဘာလို့များတို့ကို ရှောင်နေရတာလဲ"

ခင်မေညာဏ်က အပြုံးဖြင့်မေးသည်။ သူဇာပြုံး အမြေခက်နေသည်။

"ဖြစ်ပျက်နေတာတွေကို တွေးကြည့်ပြီး စဉ်းစားကြည့်စမ်း…တကယ်ဆို အခုလိုဖြစ်ရတာ သူဇာက တရားခံအစစ်ပဲ"

"မဆိုင်ပါဘူး သူဇာ"

"မဆိုင်ဘဲ နေမလား။ ကိုစိုးနဲ့ မိတ်ဆက်ပေးမိတာက သူဇာပဲ မဟုတ်လား"

ခင်မေညာဏ်ကတော့ ကောလာဟလတွေကို သိပ်ပြီး အလေးထားပုံမပေါ်။ ဝတ်မြဲစားမြဲအတိုင်း တစ်ကိုယ်လုံးမှာ စိန်ရောင်တွေ တဖျပ်ဖျပ်ဖြစ်နေသည်။

"အဓိက တရားခံက သီရိဆိုတဲ့ အတင်းပြောကောင်းတဲ့ မိန်းမပဲ သူဇာ၊ သူ ဘယ်လောက်ပြောနိုင်မလဲ။ ယုံတဲ့လူတွေက အားလုံးအရူးတွေ ဖြစ်ကုန်မှာပေါ့။ တစ္ဆေကလူယောင်ဆောင်တယ်ဆိုတာ တစ်ချိန်လုံး ဘယ်လိုဖြေနိုင်မလဲ။ ရိုးရိုးလေးပါ သူဇာ။ ဒါကို ယုံတဲ့လူတွေက ယုံနေကြသေးတယ်"

"မဖြစ်နိုင်ဘူး ဆိုတာကို သိတယ်။ ဒါပေမယ့် ခင်မေညာဏ် သိက္ခာကျ၊ အရှက်ရတာပေါ့။ အဲဒီအတွက်လည်း အရမ်းစိတ်မကောင်း ဖြစ်ရတယ်။ ဒါကြောင့် မျက်နှာပူလွန်းလို့ ရှောင်နေရတာပေါ့"



ခင်မေညာဏ်က သက်ပြင်းမှုတ်ထုတ်သည်။

"လူပြောသူပြောများလာတော့ တို့လည်းရှက်တာပေါ့ သူဇာ…တကယ်ဆို ကိုစိုးနဲ့တွေ့ကတည်းက သူ့အလိုကိုမလိုက်ဘဲ သေသေချာချာ ရှင်းပြသင့်တာ ပြီးခဲ့ပါပြီ။ အားလုံးက နောက်ကျသွားပြီပဲ"

"ကိုစိုးရဲ့ အခြေနေကလည်း ပိုပိုဆိုးလာတယ် ခင်မေညာဏ်"

"သူက ရောဂါသည်ပဲ သူစိတ်ထင်ရာတွေ ပြောမှာဆိုမှာပဲ။ ဟိုမိန်းမက ဒါကိုအခွင့်ကောင်းယူပြီး အရှက်ခွဲနေတာ တို့လည်း လူစင်စစ်ကနေ တစ္ဆေမဖြစ်နေရတော့တာပဲ"

"တောင်းပန်ပါတယ် ခင်မေညာဏ်"

တောင်းပန်စကားသာ သူဇာပြုံး ပြောနိုင်သည်။

"စိန်ဆိုတာ နတ်ကြိုးတယ်။ အနှောင့်အယှက်ပယောဂတွေကို နိုင်တယ်လို့ ကြားဖူးတယ်။ ဒါနဲ့ပဲ စိန်လက်စွပ်ကို သူ့ဝတ်ဖို့ပေးလိုက်တာ အမှားကြီးမှားခဲ့တာပဲ"

စိန်လက်စွပ်အကြောင်းကို ပြောလိုက်၍ သူဇာပြုံးလည်း ပြန်ပြောဖြစ်သည်။

"အဲဒါတော့ တော်တော်လေးထူးတယ် ခင်မေညာဏ် ပေးလိုက်တဲ့ စိန်လက်စွပ်က လူ့သွေးကိုတကယ်သောက်တယ်"

"ဟုတ်လား"

"ဟုတ်တယ် ကိုစိုးပြောဆိုရင် မယုံဘူး။ မျက်စိရှေ့မှာတင် သွေးဖောက်ပြီး ကိုးစိုးလုပ်ပြတာ"

"အင်း ခုတ်ရာတခြား ရှရာတခြားတော့ဖြစ်ကုန်တာ သေချာတယ်။ အဲဒီလက်စွပ်ကြောင့် ပြဿနာတွေ ရှုပ်လာနိုင်တယ်။ အဲဒီလက်စွပ်ကို ပြန်တောင်းပေးပါလား သူဇာ"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ သူဇာ ကိုစိုးဆီမှာ အဲဒီလက်စွပ်ရှိနေတာက မကောင်းတဲ့ လက္ခဏာပဲ မဟုတ်လား"

"ကိုစိုးက အစွဲကြီးတဲ့သူ စိတ်မမှန်ဖြစ်နေတဲ့သူလေ၊ အခုချိန်မှာ ပြန်တောင်းရင် စကားပဲအဖတ်တင်လိမ့်မယ်။ ပြီးတော့ အခုကိစ္စများ လက်စွပ်က အဓိကမကျဘူးလေ"



"အေးလေ ဒီအခြေအနေရောက်မှတော့ ဘာများတတ်နိုင်ဦးမှာလဲ အားလုံးအတွက် ကံတရားကပဲ အဆုံးအဖြတ်ပေးတော့မှာပေါ့"

စကားပြောနေရင်းကပင် ခင်မေညာဏ်မျက်နှာ အရောင်ပြောင်းသွားသည်။ ဒီလောက်သွားပုပ်လေလွင့် အပြောခံ၊ အဆိုခံနေရတော့ သူခမျာ စိတ်ချောက်ချားမှာပဲဟု သူဇာပြုံး ကိုယ်ချင်းစာမိသည်။

"ခင်မေညာဏ် အရမ်းစိတ်ဓာတ်ကျနေလား"

"မကျဘူး"

အံတစ်ချက်ကြိတ်ပြီး ပြောတာကို သူဇာပြုံး သတိထားဖြစ်သည်။ ဒီအခြေအနေမှာတော့ မျက်နှာခက်ထန်တာ မဆန်းပေ။

"သူဇာ သီရိကိုတွေ့ပြီး ပက်ပက်စက်စက် ပြောလိုက်ချင်တယ်"

"သူဇာ သွားမတွေ့နဲ့ တို့လည်း ဒီမိန်းမမျိုးနဲ့ အဖက်လုပ်ပြီး စကားမပြောဘူး"

"မပြောဘဲ ဒီအတိုင်း ဆက်ထားရင် ပိုဆိုးလိမ့်မှာ သေချာတယ် ခင်မေညာဏ်"

"ဘယ်လောက်အထိ တရားလက်လွန်ဖြစ်လာမလဲလို့ စောင့်ကြည့်နေတာ။ ပါးစပ်သရမ်းတာနဲ့ ဒီမိန်းမတော့ ကိုယ်ကျိုးနည်းတော့မယ် ထင်တယ်။ သူ့ကိုလွှတ်ထားတယ် မထင်နဲ့ သွေးအေးအေးနဲ့ အသာစောင့်ကြည့်နေတာ ခင်မေညာဏ်သည်းခံနေတာ အကြောင်းမဲ့တော့ မဟုတ်ဘူး။ ရက်ရက်စက်စက်ဆုံးမဖို့ အချိန်ခါကို စောင့်နေတာ"

သီရိနှင့်ပတ်သက်ပြီး ခင်မေညာဏ်ကြိမ်းဝါး၏။ ရုတ်တရက်ကြီး ကြားလိုက်ရ၍ သူဇာပြုံးပင် ကျောထဲစိမ့်သွားသေးသည်။ ခင်မေညာဏ်ဒေါသထွက်သင့်ပါတယ်ဟု ဖြေတွေးတွေးလိုက်ရသည်။

# တစ္ဆေအရှက် လူတစ်သက်

တိုက်ဆိုင်သည်ပဲ ပြောရမည်လားမသိ။ ခင်မေညာဏ်က သီရိကို လက်တုံ့ပြန်ဖို့ ကြိမ်းခဲ့ပြီး တစ်ရက်ကျော်မနက်ခင်းမှာ အမင်္ဂလာသတင်းဆိုး ထွက်ပေါ်လာသည်။

ဒီအမင်္ဂလာ သတင်းဆိုးက တခြားမဟုတ်။ သီရိတစ်ယောက် အသက်ရှူလမ်းကြောင်းမှာ မီးခိုးဆိပ်သင့်ပြီး သေဆုံးသွားခြင်းပဲဖြစ်သည်။

သီရိမသေခင် ညနေခင်း အဆောင်ပိတ်ချိန်မှာ ခင်မေဥာဏ်နှင့် သူတစ်ခွန်း ကိုယ်တစ်ခွန်း စကားများကြသည်ဟု ဆိုသည်။

သီရိကိုယ်တိုင်က ရန်စသလိုလုပ်နေတော့ ခင်မေဥာဏ် လည်း ဒေါသပေါက်ကွဲခဲ့သည်။

"သတိထားကြဟေ့ ဒီအချိန်က နာနာဘာဝတွေ လမ်းသလားတဲ့ အချိန်ပဲ"

ဆံပင်ဖားလျားချပြီး ဖြတ်လျှောက်သွားသော ခင်မေဥာဏ် ကိုကြည့်ပြီး သီရိပြောလိုက်သည်။

ခင်မေဥာဏ်ကို မနာလိုသူများကလည်း ဝိုင်းပြီးမီးထိုးကြသည်။

"တစ္ဆေဆိုတာ ချိုနဲ့လား သီရိ"



"သူတို့က ဖန်ဆင်းနိုင်တယ်။ ရုပ်ပြောင်းရုပ်လွဲကိုလည်း တတ်တယ်။ အယူလွှဲတဲ့ မိစ္ဆာတစ်မျိုးပေါ့ဟယ်"

သူမကို ဦးတည်ပြီးပြောတာကို ခင်မေဥာဏ်သိသည်။ ချက်ချင်းဆိုသလို ရှေ့ဆက်မသွားဘဲ နောက်ကြောင်းပြန်လှည့်လိုက်သည်။

"နင် ဘယ်သူ့ကိုပြောတာလဲ သီရိ"

"နင့်ကိုပြောတာမဟုတ်ဘူး"

"သေချာရဲ့လား"

"နင်ကိုယ်တိုင်ကတစ္ဆေဖြစ်နေရင်တော့ မပြောတတ်ဘူးလေ။ ဒါမှမဟုတ်သိုက်ထဲကလာတဲ့ သူလည်းဖြစ်နိုင်တာပဲ နင့်ကို ဒီလိုပဲ လူတွေပြောနေကြတာလေ"

"ဒီလူတွေ ပြောတာမဟုတ်ဘူး။ နင်ကိုယ်တိုင်လုပ်ဇာတ်ခင်းပြီး ပြောတာမဟုတ်လား သီရိ"

ကာယကံရှင်နှစ်ယောက်ရှင်းကြလင်းကြတော့ ကျန်သည့် သူများ ကတော့ အသာလျှိုပြီး ပွဲကြည့်ပရိသတ်လုပ်နေကြသည်။

"ဒီအဆောင်မှာ သရဲခြောက်တယ်ဆိုတာကို လူတိုင်းသိ

တယ် ပြောကြာတာပဲ…အဲဒီသရဲကို နင်မွေးထားတာတဲ့”

“တော်စမ်း”

“တကယ်ပြောတာ လူယောင်ဆောင်ထားတဲ့ တစ္ဆေမတဲ့ ဒီစကားကို ပြောတာက နင့်အချစ်တော်ရဲ့ ရည်စား ကိုစိုးပြောတာ လေ”

“နင့်ပါးစပ်မပိတ်ဘူးလား သီရိ”

“ငါကတော့ တစ္ဆေမလို့ ပျစ်ပျစ်ခါခါမစွပ်စွဲရဲပါဘူး။ ကိုစိုးပြောတာ ရှိသေးတယ်။ နင်နေတဲ့နေရာက နာမည်လှလှလေးပါ လိပ်ပြာစံအိမ်တဲ့”

“နင် မတိတ်ဘူးလား”

“ဒါကတော့ သိတာကို ပြောရမှာပဲ ရင်ဝတ်ထားတဲ့ စိန်တွေက သိုက်ထဲကပစ္စည်းတွေ မဟုတ်လား။ ငါ့အထင်တော့ ရုပ်ကလေးကလဲလှတယ် ဖြစ်ခြင်းဖြစ် တစ္ဆေမတော့ မဖြစ်နိုင်ဘူး သိုက်မပဲဖြစ်မှာပါ ဟား‥ဟား”

“ဟဲး”

“ခွီး”



သီရိက ကျယ်ကျယ်လောင်လောင် ရယ်သည်။ ကျန်သည့် မိန်းကလေးများက တီးတိုးလှောင်ပြောင်ကြသည်။

“အေး ကောင်းပြီ နောက်နေ့ မနက်စာကို နင်စားရတော့မှာ မဟုတ်ဘူး သီရိ”

ဒေါသကြီးပြီး ဖနောင့်ကိုဆောင့်လိုက်သည်။ ခင်မေညာဏ် ကြိမ်းဝါးလိုက်သည်။

ဦးနောက်နှင့်အာရုံကြောအထူးကု ဆရာဝန်ကြီး ဒေါက်တာ စောသင်မှာ တက္ကသိုလ်ကျောင်းသူတစ်ဦး သေဆုံးသည့် သတင်းကို သဲကြီးမဲကြီး ဖတ်နေ၏။

သေဆုံးသွားသော ကျောင်းသူသီရိမှာ သူ့လူနာနှင့် ဆက်စပ်ပတ်သက်နေသောကြောင့် ဖြစ်သည်။

"ဆရာကြီး ညှိသည်က တွေ့ခွင့်တောင်းနေပါတယ်"

လက်ထောက်ဆရာဝန်လေးက စကားကိုအုပ်ဆိုင်းဆိုင်းပြော၏။

"ဘယ်သူများလဲ"

"တခြားသူမဟုတ်ဘူး ဆရာကြီး စိုးသိန်းထွန်းဖြစ်နေလို့ပါ။ မတွေ့ချင်ဘူး ဆိုရင် ကျွန်တော်ပဲ ကြည့်ပြောလိုက်ပါ့မယ်"

စိုးသိန်းထွန်း ဖခင်က သူနှင့်ကျောင်းနေဖက်သူငယ်ချင်း၊ ပြီးတော့ စိုးသိန်းထွန်းက သူကုနေသော လူနာတစ်ဦး။ ခက်တာ



က လူချင်းခင်တာကို အခွင့်အရေးယူပြီး ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လုပ်နေသောကြောင့် ဖြစ်သည်။

"လွှတ်လိုက်ပါကွာ သူနဲ့စကားပြောစရာရှိတယ်"

အခုလည်း ဒီကျောင်းသူသေဆုံးမှုနှင့် ပတ်သက်ပြီး ဘာများ ဒုက္ခပေးဦးမလဲဟု ဒေါက်တာ စောသင်ရင်တမမ ဖြစ်နေသည်။

"ဆရာကြီး ကျွန်တော့်ကို ကယ်ပါ ကျွန်တော်အသက် ရန်ရှာခံရမှာကို ‘ကာကွယ်ပေးပါ"

ပစ္စည်းတွေကို မနိုင်မနင်းသယ်ပိုးပေးပြီး စိုးသိန်းထွန်း တစ်ယောက် အခန်းထဲသို့ ဝင်လာသည်။

စိုးသိန်းထွန်းပုံစံက ဟန်မဆောင်နိုင်လောက်အောင် ကြောက်လန့်ထိတ်ပျာနေသည်။

ပစ္စည်းတွေကို ပစ်ချပြီး ဒေါက်တာစောသင်အား ပြေးဖက်သည်။

"ကျွန်တော့်ကို တစ္ဆေမ သတ်တော့မယ်။ ကျွန်တော့် အလှည့်ရောက်တော့မယ်။ တစ္ဆေမသတ်လို့ သီရိသေသွားပြီ"

ဘယ်လိုနှစ်သိမ့်ရပါမလဲဟု ခေါင်းခြောက်နေစဉ်မှာပင် တယ်လီ ဖုန်းကောက်မည်၏။

''ကလင်…ကလင်''

''ဟဲလို အမိန့်ရှိပါ''

''သူငယ်ချင်းငါပါ ငါ့သား ရုတ်တရက်ကြီး ပျောက် သွားတယ်''

''ဘာမှမစိုးရိမ်နဲ့ အခု ငါ့ဆီရောက်နေတယ်။ စိတ်ချ လက်ချနေပါ''

သူငယ်ချင်းဖြစ်သူကို ဖြေရှင်းလို့ပြီးသွားပြီ။

''ကဲ ဒီခုံမှာထိုင် ရေအေးအေးလေးသောက်လိုက်ပါဦး''

ချောက်ချားမှုတွေ ပြေလျော့စေရန် နည်းသုံးလိုက်သည်။

''ဒေါက်တာလည်း သတင်းစာထဲပါလို့ သိပြီးလောက် ရောပေါ့''

''အခုပဲ ဒီသတင်းကိုဖတ်ပြီးတာ''

''သိရိသေပြီ ဒါ ခင်မေဉာဏ်ဆိုတဲ့တစ္ဆေမ သတ်လိုက် တာပဲ''



ဖြစ်စဉ်အားလုံးကို ဒေါက်တာ စောသင်သိသည်။ သတင်း စာ တွေထဲမှာလည်း အားလုံးပါ၏။

''မသေခင်ညနေက သူတို့ချင်းစကားများတယ်။ မနက် လင်းတော့သေတယ်။ ရုတ်တရက်ကြီးဆုံးတာဆိုတော့ ထင်စရာ ပဲ ဒါပေမယ့် တစ်ခုတော့ရှိတယ်''

''ဘာလဲ ခင်မေဉာဏ်သတ်တာ မဟုတ်ဘူးလို့ ဒေါက် တာ ပြောချင်တာလား''

စိတ်လှုပ်ရှားနေသော လူနာနှင့်ငြင်းခုန်လို့ မကောင်းဘူး ဆိုတာကို ဒေါက်တာ စောသင် နားလည်လိုက်သည်။

''ဒီလိုလဲ မဟုတ်ဘူးသား၊ သတင်းစာမှာရေးထားတာကို ပြောပြမယ်၊ အခုချိန်က ဆောင်းတွင်းလေ သီရိက အခန်းလုံ အောင်ပိတ်ပြီး အိပ်တယ်။ ခြင်ကိုက်လို့ ခြင်ဆေးခွေထွန်းထား တယ်။ ခြင်ဆေးခွေအငွေ့ကြောင့် အသက်ရှူကျပ်ပြီး ဆုံးတာ''

''မဖြစ်နိုင်ဘူး ခင်မေဉာဏ်သတ်တာ''

''အခုလောလောဆယ်တော့ ဒီလိုပဲကောက်ချက်ချတယ် ရန်ဖြစ်ခဲ့တဲ့ ခင်မေဉာဏ်ကို ပုလိပ်က စစ်ဆေးမေးမြန်းတယ်

ဆိုတာလဲ ရေးထားတယ်။ တကယ်ဟုတ်ခဲ့ရင် ခင်မေညာဏ်ကို ဥပဒေက လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ သူ့အပြစ်နဲ့သူ ခင်မေညာဏ် ကြိုးစင်တက်ရမှာပါ"

စိတ်လှုပ်ရှားနေသော လူနာနားဝင်အောင် ဒေါက်တာ စောသင် အလိမ္မာသုံးပြီး ပြောလိုက်သည်။

"ကျွန်တော့်ကို သတ်လိမ့်မယ်။ ကျွန်တော်မှာ ယုံကြည်အားကိုးစရာလူဆိုလို့ ဒေါက်တာပဲရှိတာ၊ ကျန်တဲ့လူတွေကို ကျွန်တော် မယုံဘူး"

"ခင်မေညာဏ်လာပြီး သတ်မယ်လို့ ဘာအထောက်အထားနဲ့ ပြောရတာလဲ"

"သူ့ဆီကရလာတဲ့ ဒီလက်စွပ်က အခိုင်လုံဆုံး အထောက်အထားပဲ"

"ဒါက အဖိုးတန်တဲ့ ရိုးရိုးလက်စွပ်တစ်ကွင်းပဲ မဟုတ်လား"

"ကျွန်တော်ပြမယ်"

ပြောပြောဆိုဆို ဆေးထိုးအပ်တစ်ချောင်းကို စိုးသိန်းထွန်းကောက်ယူလိုက်သည်။

တားဆီးချိန်မရခင်မှာပင် လက်မောင်းထဲသို့ အပ်ထိုးသွင်းလိုက်သည်။ လူနာ၏ပြုမူမှုကြောင့် ဒေါက်တာ စောသင် ခေါင်းကြီးသွားသည်။

"ဒါ ဘာလုပ်တာလဲ"

"ကျွန်တော်သွေးကို စုပ်တာပါ ဒီမှာကြည့်ပါဦး ဒေါက်တာ"

စိန်လက်စွပ်ကို ချွတ်ပြီး လက်ဖဝါးပေါ်တင်သည်။ အပ်ပေါက်မှ သွေးစက်တွေကို တစ်စက်ချင်းချသည်။

"ဒီလက်စွပ်က ရိုးရိုးလက်စွပ်မဟုတ်ဘူး၊ မကောင်းဆိုးဝါးပစ္စည်းပဲ၊ ဒီမှာကြည့်ဒေါက်တာ လူပေါ်ကျတဲ့သွေးစက်တွေကို စုပ်ယူလိုက်ပြီ မြင်တယ်နော် ဒေါက်တာ"

လူကောင်းပကတိအတိုင်းပင် ပြောဆိုပြီး လူနာက သရုပ်ပြနေလိုက်သေးသည်။ ဟုတ်တော့လည်း ဟုတ်သည်။ စိန်ပေါ်သို့ ကျသော သွေးစက်များက ကြက်ပျောက်ငှက်ပျောက် ပျောက်သွား၏။ သွေးစသွေးနပင်…အရာမကျန်ခဲ့ပေ။

"ကောင်းပြီ အဲဒီသွေးစုပ်တဲ့လက်စွပ်ရယ် ခင်မေညာဏ်ရယ်ကြောင့် ထိတ်လန့်နေတာမဟုတ်လား၊ အဲဒီလက်စွပ်ကို ဆရာယူပြီး ဓာတ်ခွဲစမ်းသပ်နိုင်းမယ်။ မင်းရဲ့အသက် ရန်ရှာလို့မရအောင် ဂါတ်ထဲကိုအကြောင်းကြားပြီး ပုလိပ်ကို အစောင့်ချနိုင်းမယ်"

လူနာစိတ်ကျေနပ်အောင် ဒေါက်တာစောသင် စည်းရုံးလိုက်သည်။ တိကျနိုင်လှံသော အဖြေစကားကို ကြားလိုက်ရသည့်အတွက် စိုးသိန်းထွန်း တစ်ယောက်လည်း ငြိမ်သက်သွားလေသည်။

# ဓာတ်သိမ်း

သီရိဆိုသော တက္ကသိုလ်ကျောင်းသူ ရုတ်တရက်သေဆုံးမှုနှင့်ပတ်သက်ပြီး ကာယကံရှင် မိဘများက သက်သေမကင်းဖြစ်ကြသည်။

ခင်မေညာဏ်သတ်သည်ဟု စွပ်စွဲပြီး မင်းကြီးထံသို့ ဦးတိုက်တိုင်ကြားသည်။ မင်းကြီးကလည်း ဒီကိစ္စနှင့်ပတ်သက်ပြီး အိုင်ပီထွန်းကြိုင်တို့ နှစ်ယောက်ကိုပင် တာဝန်ပေးသည်။

' သီရိသေဆုံးမှုနှင့်ပတ်သက်ပြီး...ခင်မေညာဏ်ကို မေးမြန်းဖို့ ကြိုးစားရာမှ ခြေရာကောက်မိခဲ့ခြင်းဖြစ်သည်။

"ဆောင်းတွင်းကြီး အခန်းလုံတယ်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်အငွေ့တွေကြောင့် အောက်စီဂျင်ကုန်သွားတယ်။ ဒါကြောင့်

သေတာပါလို့ ဆရာဝန်ကြီးတွေကရော ဓာတုဗေဒစစ်ချက်တွေကပါ အခိုင်အမာထွက်ဆိုပြီးပြီပဲဗျာ''

မင်းကြီး၏ လုပ်ရပ်ကို မကျေမနပ်ဖြစ်ပြီး ဆားပုလင်းတိုက်မောင်း တစ်ယောက် ပေါက်ကွဲနေသည်။

အိုင်ပီထွန်းကြိုင်ကတော့ မင်းကြီးငြိုင်ငြင်မှာစိုး၍ ထုံးစံအတိုင်း လေပြည်ထိုးသည်။

''ကိုတိုက်မောင်းရယ်··· အဖြေကဒါဆိုကို ကျွန်တော်လည်းသိတယ်။ ဒါပေမယ့် မင်းကြီးက နိုင်းလာတော့လည်း ခင်မေညာဏ်ဆိုတဲ့ မိန်းကလေးကို မေးမြန်းရုံပဲရှိတာ ပေါ့ဗျာ''

''သူ့ကို ဂါတ်ထဲကမေးပြီးသွား···စစ်ချက်တွေကိုကူးပြီး အစီရင်ခံစာတင်လိုက်ဗျာ···ကျုပ်တော့ဒီကိစ္စနဲ့ဝတ်သက်ပြီး အချိန်မပေးနိုင်ဘူး''

ဆားပုလင်းတိုက်မောင်းက ခါးခါးသီးသီးဖြစ်နေသည်။ အိုင်ပီထွန်းကြိုင်က အကြံထုတ်သည်။

''ဂါတ်ထဲက ခင်မေညာဏ်ကိုပဲမေးထားတာ၊ အခြားပတ်သက်နိုင်တဲ့ တစ်ယောက်နှစ်ယောက်ကို ရှာကြံပြီး ဒမ်းမှ ပိုပြီး



ပြည့်စုံမယ်၊ မင်းကြီးလည်း ကျေနပ်မယ်။ ဒီတော့ဗျာ ခင်မေညာဏ်ကိုပါ လက်စနဲ့ ထပ်မေးကြတာပေါ့။ ဂါတ်ထဲကပုလိပ်တွေရဲ့ အစီရင်ခံစာနဲ့သွားတူနေလို့ မကောင်းဘူးလား''

ဆားပုလင်းတိုက်မောင်းက ဆိတ်ဆိတ်နေသည်။ ထိုစဉ်မှာပင် ပုလိပ်တစ်ယောက်ရောက်လာသည်။

''ဘာများထူးလို့လဲ···ခင်မေညာဏ်ရောက်နေပြီလား''

''အဲဒီမိန်းကလေးက အဆောင်မှာ မရှိတော့ဘူးဆရာ''

''ဘာဖြစ်လို့ မရှိရမှာလဲ''

''တကယ်မရှိတာပါ၊ မြို့ထဲက အခန်းကိုလည်း လိုက်သွားပါတယ်။ အဲဒီကလူတွေက ဒီနေ့ပဲ မိုးကုတ်ကို ပြန်သွားပြီလို့ ပြောပါတယ်''

တာဝန်ပေးထားသောပုလိပ်က လိုအပ်တာကိုတင်ပြပြီး ပြန်ထွက်ခွာသွားသည်။

ဆားပုလင်းတိုက်မောင်းက-

''ဒီကောင်မလေးက ဘာလို့များ ကျောင်းတန်းလန်းနဲ့ မိုးကုတ်ပြန်သွားရတာလဲ ကျုပ်တို့တာဝန်ယူတာမျိုး မဟုတ်ရင်

တော့ ဒီပုံစံမျိုးနဲ့ဆိုရင် အခြောက်တိုက်ဒီမိန်းကလေး ကြိုစင်တက်ရမှာ''

''ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ ကိုတိုက်မောင်း''

''မိုးကုတ်က သူရဲ့လိပ်စာအတိုင်း လှမ်းအကြောင်းကြားဗျာ။ ဒီကလေးမလေးက တစ်မှောင့်။ သူ့မိဘတွေကလည်း ဒီလောက် ဖြစ်နေတာကိုတောင် မင်းကြီးဆီ မဝင်ဘူး။ ဒါနဲ့ ခင်မေညဏ်က မိုးကုတ်သူဌေးသမီးဆို''

ဆားပုလင်းတိုက်မောင်းက မမြင်ဖူးသောခင်မေညဏ်ကို စေတနာဖြင့် ဆုပူကြိမ်းမောင်း၏။

မိုးကုတ်ဂါတ်ထဲမှ အကြောင်းပြန်ချက်ကြောင့် အတော်လေးကို ဆားပုလင်းတိုက်မောင်းတို့ ခေါင်းချင်းရိုက်သွားကြသည်။

မိုးကုတ်မှာ ဦးညဏ်ကြီးဆိုသူနဲ့ မိန်းလေးဆိုတာကိုလည်း သိသူမရှိကြပေ။

''ဒါဆိုရင် ကျောင်းမှာပေးထားတဲ့ မိုးကုတ်က လိပ်စာရော''



''အဲဒီလိပ်စာ အဲဒီအိမ်နံပတ်၊ အဲဒီလမ်းမျိုး မိုးကုတ်မှာလုံးဝမရှိဘူးဗျ ကျောင်းမှတ်ပုံတင်စာရင်းထဲက လိပ်စာက အတုကြီး''

ဆားပုလင်းတိုက်မောင်းတို့ လမ်းစပျောက်သွားသလို ဖြစ်သွားသည်။ ဘာသိဘာသာနေခဲ့သော အမှုက တာဝန်ပိုပိုပြီး ကြီးလာသည်။

ခင်မေညဏ်နှင့်ပတ်သက်သူများကို ခေါ်ယူစစ်ဆေးတော့လည်း အဖြေမရ။

နောက်ဆုံးခေါ်ယူစစ်ဆေးသည်။ သူဇာပြုံးဆိုသော မိန်းကလေးနှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းသော အဖြစ်အပျက်ကိုသိရသည်။

ခက်နေတာက စိုးသိန်းထွန်း ဆိုသော လူငယ်မှာ စိတ်ရောဂါ ခံစားနေရသူလေး ဖြစ်နေသည်။

ပြီး

စိုးသိန်းထွန်းကို ခေါ်မေးရင် သူတို့ပါ ခေါင်းမူးသွားမှာကို ဆားပုလင်းတိုက်မောင်းတို့ သိကြသည်။

စိုးသိန်းထွန်းကို အနီးကပ်ကုသမှုပေးနေသော ဒေါက်တာစောသင်ဆီကိုသာ သွားခဲ့ကြသည်။

ဒေါက်တာစောသင်နှင့် စကားပြောကြည့်မှ သူတို့လိုချင်တာတွေ မထင်မှတ်တာတွေကို သိလိုက်ရသည်။

"လိပ်ပြာစံအိမ်ဆိုတာ တကယ်ရှိတာပေါ့နော်"

"ဟုတ်ပါတယ် လော်ကာသစ်တောကြိုးဝိုင်းထဲမှာ ရှိပါတယ်"

"ဒါနဲ့ နေပါဦး ဒေါက်တာ သွေးသောက်တယ်ဆိုတဲ့



စိန်လက်စွပ်ကရော"

အကြောင်းစုံကို မြှင့်သုံးသပ်ကြည့်တော့ သိရှိသေဆုံးခြင်းမှာ ခင်မေညာဏ် မပတ်သက်ဘူးဆိုတာပဲ အဖြေထွက်သည်။ ဒါပေမယ့်…

"ရှိပါတယ် ဆရာ ဒီလက်စွပ်ရဲ့ မူလပိုင်ရှင်အစစ်က ခင်မေညာဏ်ပါ။ ဒီလက်စွပ်က သွေးစက်တွေကို စုပ်ယူတာ ဟုတ်တယ်။ ကျွမ်းကျင်တဲ့ဓာတ်ခွဲကြည့်သူတွေအားလုံးက တညီတညွတ်တည်းပြောကြတယ်"

စိန်လက်စွပ်ကို ကိုင်ကြည့်ရင်း ဆားပုလင်းတိုက်မောင်း တစ်ယောက်ဆက်စပ်ပြီး အဖြေထုတ်နေသည်။

"ဘယ်လိုများ ပြောကြလို့လဲ ဒေါက်တာ"

"ဒီလက်စွပ်က တွင်းထွက်စိန်မဟုတ်ဘူး အရိုးတစ်ခုခုကို ဓာတုဗေဒနည်းနဲ့ အဆင့်ဆင့်စမ်းသပ်ပြီး လုပ်ထားတဲ့ စိန်ပဲ အရိုးက လူအရိုးဖြစ်ဖို့များတယ်လို့ သုံးသပ်ကြတယ်"

ဒေါက်တာစောသင်၏ရှင်းခန်းမှ အထွက်မှာပင် ဆားပုလင်းတိုက်မောင်းက လက်ခမောင်းခတ်ရင်း ပြောလိုက်သည်။

"ကဲ အိုင်ပီရေ ကျုပ်တို့ရဲ့ပျောက်ဆုံးနေတဲ့ အချစ်တော်ကြီး ဒေါက်တာအုတ်လှငယ်ကိုတော့ ခြေရာခံမိပြီဗျ"

"ဟုတ်ရဲ့လားဗျာ…ခင်ဗျားလည်း ဦးနှောက် အာရုံကြောအထူးကုရဲ့တရားကိုနာပြီး ရောဂါသည်ဖြစ်သွားတာ မဟုတ်လောက်ပါဘူးနော်"

ဆားပုလင်းတိုက်မောင်း ဘာမှမပြောဘဲနေသည်။ စီးလာသောကားကို ဆားပုလင်းတိုက်မောင်းကိုယ်တိုင် မောင်းသည်။ မင်္ဂလာဒုံဘက်ဆီကို ဦးတည်ပြီး မောင်းနှင်လိုက်သည်။

တစ်ပတ်ခန့်ကြာသောအခါ ဉာဏ်ကြီး (ခေါ်) ဒေါက်တာအုတ်လှငယ်အကြောင်း သတင်းစာမျက်နှာဖုံးမှာ ပါလာသည်။

လွန်ခဲ့သော တစ်နှစ်ကျော်က ငွေတွေလိမ်ပြီး ထွက်ပြေးခဲ့သူ လူအရိုးမှ စိန်ဖြစ်အောင် စမ်းသပ်အောင်မြင်ခဲ့သော ပညာရှင်တစ်ယောက်အကြောင်းကို ဓာတ်လုံးများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

လိမ်လည်ဟန်ဆောင်မှုတွေကို ဆက်တိုက်ကျူးလွန်ခဲ့သော ဒေါက်တာအုတ်လှငယ်ကို အရှင်ဖမ်းမိတာတော့ မဟုတ်ပေ။

ဆားပုလင်းတိုက်မောင်းတို့ ရောက်သွားချိန်မှာ လိမ်ပြအိမ်တစ်ခုလုံး မီးဟုန်းဟုန်းတောက်နေသည်။

ဓာတ်ဆီတွေလောင်းပြီး မီးလောင်တိုက်သွင်းသောကြောင့် မနည်းငြိမ်းသတ်ခဲ့ရသည်။

လိပ်ပြစ်အိမ်တစ်ခုလုံး ပြာပုံအတိဖြစ်သွားခဲ့သည်။ လူကို သေစေသည့် သစ်ခွမျိုးမှာလည်း ပြာဖြစ်သွားခဲ့သည်။

ဒေါက်တာအုတ်လှငယ်ကိုတော့ အသေဖမ်းမိခဲ့သည်။ သမီးဖြစ်သူ ခင်မေညာဏ်နှင့် ခြံစောင့်နှစ်ယောက်ကိုတော့ မူးပေါင်းကြံစည်အားပေးမှုဖြင့် တရားစွဲဆိုသည်။

သတင်း၏အဆုံးသတ်ပုံက စိတ်ဝင်စားစရာကောင်းသည်။ ပိုက်ဆံတွေ ပုံအောပေးပြီး အော်ဒါအပ်ခဲ့သော သူများကလည်း စိန်များကို မယူဝံ့ကြတော့ပေ။

ထိုစိန်များက သွေးသောက်တတ်သည်ဟု သတင်းကြီးနေသောကြောင့် ဖြစ်သည်။

ဒေါက်တာအုတ်လှငယ်၏ အလောင်းနှင့်အတူ ထိုစိန်များကို ကြံတောသုသာန်မှာ ဂူသွင်းမြှုပ်နှံလိုက်ကြလေသည်။

အစဉ်ကြိုးစားလျက်

စကြာဒေဝီ